# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ်(၀၁၆)


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

(၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက်ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့တဲ့ (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ပဲဖြစ်ပါတယ်။ ယခင်က NCA ချုပ်ဆိုခြင်း နှစ်ပတ်လည်အခမ်းအနားတွေကို နေပြည်တော်မှာ လူချင်းတွေ့ဆုံကာ ကျင်းပပြုလုပ်ခဲ့ပြီး (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ကိုတော့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့အတွက် သဝဏ်လွှာပေးပို့ခြင်းနဲ့ Online မှ မိန့်ခွန်းပြောကြားခြင်းပဲ ပြုလုပ်ခဲ့ရပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ဒေသတွင်းဆန်ဖူလုံမှုဖြင့် ကျေနပ်မနေဘဲ စပါးအထွက်နှုန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် စပါးစိုက်တောင်သူများ၏ ဝင်ငွေတိုးတက်လာမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၆/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊

*စာမျက်နှာ ၆ ကော်လံ ၁* ●



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၁၆/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

မြန်မာ့အလင်း

# ငြိမ်းချမ်းရေးလမ်းပေါ် ဆက်လက်လျှောက်လှမ်း

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ရာ ယခုနှစ်တွင် (၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ NCA ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ကြရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ရှေးရှုကာ ပြည်သူတို့၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းကြမည်ဟူသောအချက်ကို ကြိုတင်သဘောတူ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ NCA ကို စတင်လက်မှတ်ရေးထိုးရာတွင် CNF ၊ ABSDF ၊ ALP ၊ RCSS ၊ KNU ၊ KNU /KNLA (PC) ၊ DKBA ၊ PNLO ဟူ၍ လက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ ပါဝင်ခဲ့ကြပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးလာခဲ့သည့်အတွက် စုစုပေါင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ဖွဲ့တို့ NCA တွင် ပါဝင်လျက်ရှိသည်။

NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သက်သက်မျှသာ မဟုတ်ဘဲ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် စစ်မှန်ခိုင်မာသော ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရန်အတွက် လက်တွေ့လုပ်ဆောင်ကြရမည့် လမ်းကြောင်းလည်းဖြစ်သည်။ NCA တွင် လက်မှတ်ရေးထိုးခြင်းဖြင့် နိုင်ငံရေးပြဿနာကို လက်နက်ကိုင်တိုက်ခိုက်မည့်အစား နိုင်ငံရေးစားပွဲဝိုင်းတွင် ငြိမ်းချမ်းစွာ ဆွေးနွေးခြင်းဖြင့် အဖြေရှာမည့်နည်းလမ်းကို အစားထိုးလဲလှယ်လိုက်ခြင်းဖြစ်ရာ လက်တွေ့အားဖြင့်လည်း NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒေသများတွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ခဲ့သည့် ပကတိအရှိတရားကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြမည်ဖြစ်သည်။ သို့ရာတွင် NCA သည် ငြိမ်းချမ်းရေးခရီးစဉ်၏ စမှတ်တစ်ခုသာ ဖြစ်သည့်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေး၊ ထိုမှတစ်ဆင့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးဆီသို့ အဆင့်ဆင့် မဆုတ်မနစ် ဆက်လက်လျှောက်လှမ်းကြရမှာ ဖြစ်သည်။

" NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲထားတာမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ လိုလားချက်တွေ၊ ကနဦးအဆိုပြုချက်တွေအပေါ် မူတည်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အသေးစိတ်အကျေအလည် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းသဘောတူ ရေးဆွဲထားတဲ့ စာချုပ်ဖြစ်တဲ့အတွက် အားလုံးပိုင်ဆိုင်တဲ့စာချုပ်လည်း ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးရဲ့ ထောက်ခံအားပေးမှုကိုလည်း ရရှိခဲ့တဲ့အပြင် နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှု၊ ဂုဏ်ယူလေးစားမှုကို ရရှိနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ဒါကြောင့် NCA စာချုပ်ဟာ ကျွန်တော်တို့အတွက် အစဉ်အမြဲအလေးထားရမယ့် မေ့ဖျောက်ပစ်လို့မရတဲ့ စာချုပ်ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က NCA (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ မိန့်ခွန်းတွင် NCA စာချုပ်၏ အရေးပါမှု၊ အရေးကြီးမှု၊ လေးနက်မှုတို့ကို ထောက်ပြပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူလျက်ရှိသည့် လက်ရှိကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဆန့်ကျင်ဘက်တွင်လည်း နိုင်ငံကို ပျက်စီးစေလိုသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် မီဒီယာများ၊ အကြမ်းဖက်အဖွဲ့အစည်းများက နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ အလုံးစုံပျက်သုဉ်းစေရန်တို့ကို ဦးတည်၍ နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်နေကြသည်ကို သတိပြုကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ခက်ခက်ခဲခဲ ကြိုးပမ်းတည်ဆောက်နေကြရသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဖြစ်ထွန်းနေရေးနှင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် အရှိန်အဟုန်မပျက် ဆက်လက်လျှောက်လှမ်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ဦးတည်နိုင်ကြပါစေကြောင်း။ ။

# တစ်စိတ်တစ်ဝမ်းတည်း ရှိစေသတည်း

* လွတ်လပ်တော့မည် မြန်ဌာနီဟု
တည်ဦးအစ ဟိုရှေးကပင်
မျှမတူ ဝါဒထူ၍
ပြူစုရန်ငြိုး လက်နက်ကိုးပြီး
ဆိုးသည့်စိတ်ဓာတ် ရင်မှာကပ်ကာ
သတ်ဖြတ်လာနေ ညီအစ်ကိုတွေ။

* ငြိမ်းချမ်းသောဘောင် တည်ရအောင်ဟု
ဆောင်ရည်ကြိုးကုတ် အားမာန်ထုတ်လည်း
ဆုပ်ကိုင်ယူစွဲ မြွေဖားခဲသို့
မြဲမူတင်းဆို အတ္တခိုကြောင့်
လိုပြီးမရ များဒုက္ခ။

* NCA ခရီး ခြောက်နှစ်ပြီးဝယ်
သီးအောင်စိုက်ရှင် "ငြိမ်းချမ်းပင်"ဟု
သင်ငါအများ တိုင်းရင်းသားသည်
အားနှင့်ယုံကိုး အချစ်တိုး၍
မိုးမေတ္တာပန်း ပြည်လုံးဖျန်းကာ
လန်းဆန်းစေရေး စိတ်ဝယ်တွေးလျက်
ဖေးမကူရစ် ပြည်အသစ်တွင်
တစ်စိတ်တစ်ဝမ်း ရှိချင်စမ်းပြီ
ရမ်းရော်မှုတွေ ပြည့်ပါစေ
တမ်းမြော်မှုလေ ဖြည့်မကြာစေ။

(၁၅.၁၀.၂၀၂၁) ရက်နေ့တွင် ကျရောက်သော NCA လက်မှတ်ရေးထိုးခြင်း အထိမ်းအမှတ် (၆)နှစ်မြောက်နေ့ကို ဂုဏ်ပြုရေးဖွဲ့အပ်ပါသည်။

ညိုဝင်း(ချစ်မြေ)

# အသိပေးကြေညာခြင်း

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅) အရ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးရမည်ဖြစ်ပါသည်။ လာမည့်ရွေးကောက်ပွဲတွင် ပြောင်းလဲလာသည့် ခေတ်အခြေအနေအရ သင့်လျော်သည့် ရွေးကောက်ပွဲစနစ်မျိုးကို ကျင့်သုံး ဆောင်ရွက်နိုင်ရန်အတွက် အချိုးကျကိုယ်စားပြုစနစ်(PR) အပါအဝင် ပြောင်းလဲကျင့်သုံးသင့်သည့် ရွေးကောက်ပွဲစနစ်များနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ၊ စိတ်ပါဝင်စားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်အတွင်း ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ အချိုးကျကိုယ်စားပြုစနစ် (PR) နှင့် စပ်လျဉ်း၍ စိတ်ပါဝင်စားသူများ (မည်သူမဆို) ပါဝင်တက်ရောက်ဆွေးနွေးနိုင်မည်ဖြစ်ပါသည်။ ဆွေးနွေးလိုသည့် ပုဂ္ဂိုလ်များအနေဖြင့် အောက်ပါအချက်အလက်များအား ၁-၁၁-၂၀၂၁ ရက်နေ့ နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲဌာန၏ ဖုန်း၊ ၀၆၇ -၃၄၀၄၂၃၃၊ ၀၆၇- ၃၄၀၄၂၂၄၊ dep.election@e-uec.gov.mm သို့မဟုတ် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ ဖုန်း၊ ၀၁- ၂၃၀၆၂၅၀ ၊ ၀၁- ၂၃၀၆၂၈၃ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) တက်ရောက်ဆွေးနွေးမည့်သူအမည်
( ခ ) အလုပ်အကိုင်
( ဂ ) နေရပ်လိပ်စာ (ဆက်သွယ်ရမည့် ဖုန်းနံပါတ်)
(ဃ) ဆွေးနွေးမည့်စာတမ်း (Hard Copy/ Soft Copy)

**မှတ်ချက်။** ဆွေးနွေးပွဲကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာကို ထပ်မံအကြောင်းကြားပေးမည်ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၅-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 2 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 3 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 4 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |
| 5 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 6 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 7 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 8 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 9 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 10 | Injection – Ceftriazone 1G | 1's | 700 | KCL |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၇ ဒသမ ၀၅ လက်မ၊ လောင်းလုံးမြို့တွင် ၆ ဒသမ ၀၂ လက်မ၊ ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၂ ဒသမ ၉၉ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၄၉ လက်မ၊ ဆောမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ဇေ္ဇာင်းတူမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၈၀ လက်မနှင့် ပြည်မြို့တွင် ၁ ဒသမ ၆၁ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

✻ *ရှေ့ဖုံးမှ*

ယနေ့ကျရောက်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၆)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုးနဲ့ ပြည်သူပြည်သားအားလုံး လိုလားတောင့်တနေကြသော ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေရန်အတွက် ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

### ကြီးမားကျယ်ပြန့်လှတဲ့ လုပ်ငန်းစဉ်ကြီး

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ သမိုင်းနဲ့ချီပြီး ကြီးမားကျယ်ပြန့်လှတဲ့ လုပ်ငန်းစဉ်ကြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအဆက်ဆက်နဲ့ တပ်မတော်အနေနဲ့ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရယူခဲ့မှုအပေါ် သဘောထားကွဲလွဲမှုကြောင့် ဗကပတွေတောခိုပြီး တစ်လကျော်အကြာမှာပဲ သခင်နုက ကွန်မြူနစ်တွေနဲ့ ငြိမ်းချမ်း မှုရရှိစေရေး လက်ဝဲညီညွတ်ရေးမူ ၁၅ ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးစကာလမှာ လွတ်လပ်ရေးကို ကြိုးပမ်းခဲ့ကြတဲ့ အင်အားစုတော်တော်များများဟာ လက်ဝဲယိမ်းသူတွေများပါတယ်။ ဒါ့ကြောင့် ဒီအဖွဲ့တွေကြား မတူတာတွေကို ဘေးဖယ်၊ တူညီတဲ့ကိစ္စတွေကို စုပေါင်းပြီး ပြည်တွင်းညီညွတ်မှုရစေဖို့၊ ဒီကမှ တစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးရစေဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကွန်မြူနစ်၊ ဆိုရှယ်လစ်နဲ့ ပြည်သူ့ရဲဘော်တို့က ကိုယ့်အဖွဲ့ကိုယ်ဖျက်ပြီး တစ်ပါတီတည်းအဖြစ် ပူးပေါင်းပါဝင်ကြိုးပမ်းကြဖို့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့ပါတယ်။ ဖဆပလ အစိုးရအနေနဲ့ ကွန်မြူနစ်တွေနဲ့ တိုက်ခိုက်နေတဲ့ စစ်ကိုရပ်စဲပြီး လက်ဝဲညီညွတ်ရေးအတွက် ဇူလိုင်လမှာ လက်ဝဲစည်းရုံးရေးကောင်စီကို တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ အဖွဲ့ဝင် ၂၁ ဦးနဲ့ ဆောင်ရွက်စေပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ မအောင်မြင်ရတဲ့အကြောင်းများစွာရှိပါတယ်။ အဲ့ဒီထဲကအချက်တစ်ချက်ကို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် မိန့်ခွန်းပြောကြားစဉ်။

ပြောလိုပါတယ်။ ဒီလက်ဝဲညီညွတ်ရေးမူ ၁၅ ချက်လည်း ထုတ်ပြန်ရော အင်္ဂလန်နဲ့အမေရိကန်က မြန်မာပြည်ကြီးနီသွားပြီလို့ ရေးသားတာတွေ၊ စောင့်ကြည့်ရဦးမယ်လို့ ဟိန်းဟောက်တာတွေ လုပ်လာကြပါတယ်။ အချင်းချင်းကကွဲ၊ လွတ်လပ်ရေးရပြီးစ အင်အားကလည်း နည်းနေတော့ အစိုးရအနေနဲ့ ဦးတင်ထွဋ်ကို လန်ဒန်အထိစေလွှတ်ပြီး ရှင်းပြရတဲ့ အဆင့်ထိရောက်ခဲ့ပါတယ်။ ဒါနဲ့ လက်ဝဲညီညွတ်ရေးမူထဲက **"မက်စ်ဝါဒ လေ့လာရေးအဖွဲ့ ဖွဲ့ရန်"** ဆိုတဲ့ အချက် ၁ ချက်ကိုဖြုတ်ပြီး ၁၄ ချက်ဖြစ်လာရပါတယ်။ ဒီနေရာမှာပြောချင်တာက **"အနောက်နိုင်ငံအချို့အနေနဲ့ မြန်မာနိုင်ငံမှာ မြန်မာပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးနိုင်မယ့်အစိုးရ၊ မြန်မာ့ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်မယ့် အစိုးရဆိုတာမျိုးထက် သူတို့ကြိုးကိုင်ခြယ်လှယ်လို့ရမယ့် အစိုးရမျိုးတက်လာတာ၊ ရှိနေတာကိုပဲလိုချင်တာ"** ဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရ၊ တပ်မတော်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ၁၉၄၈–၁၉၄၉ ခုနှစ်မှာ KNUနဲ့ စတင် ဆွေးနွေးခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ ကေအင်န်ယူနဲ့ ထပ်ဆွေးနွေးခဲ့ပါတယ်။ တော်လှန်ရေးကောင်စီတက်လာပြီးနောက်ပိုင်း ၁၉၆၃ ခုနှစ်၊ ဇွန်လမှာ **"ပြည်တွင်းငြိမ်းချမ်းရေးအတွက် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအားလုံးသို့ တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်"**ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီနှစ်ထဲမှာပဲ ဗကပနဲ့ ၇ ကြိမ် ဆွေးနွေးခဲ့ပါတယ်။ KIA၊ KIO တို့ နဲ့ ၃ ကြိမ် ဆွေးနွေးခဲ့ပါတယ်။ KNU၊ MNSP၊ KNPP သုံးပါတီနဲ့၊ ၎င်းတို့ပါဝင်တဲ့ မဒညတ အဖွဲ့တွေကို ၅ ကြိမ်ခန့် ဆွေးနွေးခဲ့ပါတယ်။ ဒီထဲက စောဟန်တာသာမွှေး ဦးဆောင်တဲ့ ကရင်တော်လှန်ရေးကောင်စီ(KRC)တစ်ဖွဲ့တည်းနဲ့သာ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လမ်းစဉ်ပါတီခေတ် ၁၉၈၀–၁၉၈၁ ခုနှစ်ထဲမှာ KIA နဲ့ ၁၀ ကြိမ်၊ ဗကပနဲ့ ၂ ကြိမ် ဆွေးနွေးခဲ့ပါတယ်။

### ကွဲပြားတဲ့အယူအဆတွေ တွေ့ရ

တော်လှန်ရေးကောင်စီအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ရာမှာ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့သာ မဟုတ်ဘဲ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အကြံဉာဏ်ကိုရယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ တိုင်းရင်းသားလူမျိုးစုများအရေး စတဲ့ နိုင်ငံနဲ့လူမျိုးအကျိုးစီးပွားဖြစ်ထွန်းစေမယ့်ကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့ ရည်မှန်းပြီး **"ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ "** ကို ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ စည်းစည်းလုံးလုံးညီညီညာညာနဲ့ တိုင်းပြုပြည်ပြုကိစ္စတွေ ဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။ ပြည်တွင်းညီညွတ်ရေးအဖွဲ့မှာ အဖွဲ့ဝင် ၃၃ ဦး ပါဝင်ခဲ့ပါတယ်။ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေထဲက ဦးနု (ဝန်ကြီးချုပ်ဟောင်း)၊ ဦးကျော်ငြိမ်း၊ ဝိစူရ သခင် ချစ်မောင်၊ ဦးဗဆွေ၊ မန်းဝင်းမောင်၊ ဒူဝါဇော်လွန်း၊ ဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်တို့ ပါဝင်ခဲ့ကြပါတယ်။ အဲဒီ ၃၃ ဦးစာရင်းကိုလေ့လာကြည့်ရင် တည်မြဲ(ဖဆပလ)၊ သန့်ရှင်း(ဖဆပလ)နဲ့ ပမညတ စတဲ့ နိုင်ငံရေးအဖွဲ့ မျိုးစုံက ပုဂ္ဂိုလ်တွေပါဝင်သလို တိုင်းရင်းသားမျိုးစုံ ပါဝင်ခဲ့ပါတယ်။ ဒီအကြံပေးအဖွဲ့အနေနဲ့ အကြံပြုခဲ့ရာမှာ အုပ်စု ၄ စုခန့် ကွဲပြားခဲ့ပါတယ်။ အမျိုးမျိုးကွဲပြားတဲ့အယူအဆတွေ တွေ့ရပါတယ်။ ဒီနေရာမှာ ပြောလိုတာကတော့ အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ အယူအဆနဲ့ လုပ်ဆောင်ချက်ဟာ အခုမှရှိတာမဟုတ်ပါဘူး။ ရှိခဲ့၊ လုပ်ခဲ့ကြပါတယ်။ ဘာကြောင့် အောင်မြင်မှုမရသလဲဆိုတာ သမိုင်းမှာ ရှာဖတ်ကြည့်စေလိုပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ တပ်မတော်အစိုးလက်ထက်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ကြီး ၁၇ ဖွဲ့၊ အဖွဲ့ငယ် ၂၃ ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပါတီစုံဒီမိုကရေစီခေတ်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)လမ်းကြောင်းကို ဖော်ဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ NCA လက်မှတ်ရေးထိုးတဲ့ EAO အဖွဲ့ ၈ ဖွဲ့၊ ၂၀၁၈ ခုနှစ်မှာ လက်မှတ်ရေးထိုးတဲ့အဖွဲ့ ၂ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့နဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးခဲ့တဲ့ အဖွဲ့အများစု ဟာ တပ်မတော်အစိုးရလက်ထက်ကတည်းက ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်း စတဲ့ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့များဖြစ်ပါတယ်။ ဒီနေရာမှာ ၂၀၁၅ ခုနှစ် (NCA လက်မှတ်ရေးထိုးခါနီး)မှာ EAO များကို **"NCA စာချုပ်မှာ အလျင်စလိုလက်မှတ်မထိုးကြဖို့"** ဆိုတဲ့ သတင်းစကားပျံ့လွင့်လာမှုကိုလည်း သတိရစေလိုပါတယ်။

တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး NCA လမ်းကြောင်းမှာ လျှောက်လှမ်းနိုင်ဖို့ အမြဲတိုက်တွန်း နှိုးဆော်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးလိုချင်ရင် တပ်မတော်က တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးဖို့ ဆိုတဲ့ သဘောထား၊ အယူအဆတွေကို ပြောလာခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ဒီနေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် ၂၀ ပြုလုပ်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ပါတယ်။ အခုလည်း (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနဲ့ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်တွေအပြင် နိုင်ငံတော်အစိုးရရဲ့ လုံခြုံရေးနဲ့အုပ်ချုပ်ရေးယန္တရားတွေကို နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်ရဲ့စစ်ရေးဆိုင်ရာ လှုပ်ရှားမှုတွေကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော် ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့် ရပ်စဲပေးခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်ကို အာမခံထားပြီး ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာက တစ်ဒေသနဲ့ တစ်ဒေသ၊ လူမျိုးစုတစ်ခုနဲ့တစ်ခု မတူညီတဲ့ အခွင့်အရေးတွေ မဟုတ်ဘဲ တူညီတဲ့စနစ်နဲ့ ဖော်ဆောင်ရမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ **"မိမိတို့အနေနဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ အချက် ၂ ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိပြီး ပထမအချက် အနေနဲ့ ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာ တည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ဒုတိယအချက်အနေနဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း"** ပြောကြားခဲ့ပါတယ်။

- **ငြိမ်းချမ်းရေးလိုချင်ရင် တပ်မတော်က တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးဖို့ဆိုတဲ့ သဘောထား၊ အယူအဆတွေကို ပြောလာခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ဒီနေ့အထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် ၂၀ ပြုလုပ်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ပါတယ်**
- **(၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနဲ့ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်တွေအပြင် နိုင်ငံတော်အစိုးရရဲ့ လုံခြုံရေးနဲ့အုပ်ချုပ်ရေးယန္တရားတွေကို နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်ရဲ့စစ်ရေးဆိုင်ရာ လှုပ်ရှားမှုတွေကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့် ရပ်စဲပေးခဲ့ပါတယ်**

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဒါ ကျွန်တော်တို့အစိုးရ ဆက်လက်ဆောင်ရွက်သွားမယ့် ဦးစားပေးနိုင်ငံရေးမူဝါဒပဲ ဖြစ်ပါတယ်။ ဒီနှစ်ခုဟာ အပြန်အလှန် ဆက်စပ် လျက်ရှိပါတယ်။ တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်တဲ့အခါ ကျွန်တော်တို့ နိုင်ငံ မှာ အဓိကလိုအပ်ချက်ကတော့ ငြိမ်းချမ်းရေးပါပဲ။

**နိုင်ငံရဲ့စိန်ရတုလွတ်လပ်ရေးနေ့**

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ (၇၅)နှစ်ပြည့် စိန်ရတု ပြည်ထောင်စုနေ့ဖြစ်ပါတယ်။ အလားတူ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ တိုင်းပြည် တစ်ပြည်အတွက် အရေးကြီးတဲ့ သမိုင်းဖြစ်စဉ် ဖြစ်ရပ်၊ နေ့ရက်ကြီး ၂ ခု စိန်ရတုတိုင်ခဲ့ပါပြီ။ မြန်မာနိုင်ငံရဲ့ လူဦးရေသက်တမ်းစံနှုန်းနဲ့ တွက်ချက်ရင် လူတစ်ယောက်ရဲ့ သက်တမ်း တစ်ခုစာလောက်ရှိပါပြီ။ **“အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်တယ်။ အလားတူ အတိတ်ကိုအစွဲ သန်လွန်းလျှင်လည်း အနာဂတ်လမ်းပျောက်နိုင်တယ်”**ဆိုတဲ့ စကားရပ်ကို သတိချပ်ဖို့ ကျွန်တော်ပြောလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျရောက်လာတော့မယ့် စိန်ရတု ပြည်ထောင်စုနေ့၊ စိန်ရတု လွတ်လပ်ရေးနေ့တွေ မတိုင်မီမှာ **(တစ်)** ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေး လုပ်ငန်းစဉ်**(နှစ်)** ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ရေးအတွက် လုပ်ဆောင်မယ့် လုပ်ငန်းရပ်များချမှတ်ခြင်း၊ တိုင်းရင်းသားများပါဝင်တဲ့ ဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနဲ့ လက်တွေ့လုပ်ငန်းရပ်များဆောင်ရွက်ခြင်းဆိုတဲ့ အဆင့် ၃ ဆင့်ကို နိုင်ငံတော်အစိုးရအနေနဲ့ အဆင့်လိုက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီကိစ္စတွေအတွက် တိုင်းရင်းသားပြည်သူလူထုနဲ့ ပါဝင်ပတ်သက်ရမယ့် အစုအဖွဲ့များအားလုံးထံမှ အကြံပြုချက်များရယူခြင်း၊ အသိပေးခြင်းနဲ့ ပညာပေးခြင်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရာမှာ–

(၁) သက်ဆိုင်ရာတိုင်းရင်းသားများ၊ သက်ဆိုင်သူများ ကိုယ်တိုင်ပါဝင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဆောင်နိုင်ရေးနဲ့ မြှင့်တင်ရေး ဆောင်ရွက်ခြင်း။

(၂) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်များ တိုက်ရိုက် ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မြှင့်တင်ရေးအဖွဲ့များနှင့် ဆွေးနွေးခြင်း။

(၃) NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း၊ NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်လျက် ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းလာစေရေး၊ နှစ်ဖက်သဘောတူညီချက်များရရှိရေး စတဲ့ လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**“အစိုးရတွေဘယ်လောက်ပဲပြောင်းပြောင်း ကျွန်တော်တို့နိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံပဲဖြစ်ပါတယ်။ အစိုးရဆိုတာထက် ကျွန်တော်တို့အားလုံး ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအပေါ် သစ္စာရှိဖို့၊ နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် ရိုးသားစစ်မှန်တဲ့ စိတ်ရင်းစေတနာနဲ့ ဆောင်ရွက်ဖို့ဟာ အဓိကဖြစ်ပါတယ်**

ဒီနေရာမှာ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ လက်ရှိအစိုးရဟာ ရွေးကောက်ခံအစိုးရမဟုတ်လို့ တွေ့ဆုံဆွေးနွေးစရာမလိုဘူးဆိုတဲ့ အယူအဆတွေ၊ ငြိမ်းချမ်းရေးကို အပြည့်အဝ အကောင်အထည်ဖော်ပေးနိုင်မှာ မဟုတ်ဘူးဆိုတဲ့ အယူအဆတွေနဲ့ ပတ်သက်ပြီး စိတ်ကူးယဉ်မဆန်ဘဲ လက်တွေ့ကျကျ သုံးသပ်ဖို့လိုပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ် ဘယ်လောက်အောင်မြင်ခဲ့တယ်၊ ဘယ်လောက်ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းခဲ့တယ်၊ တိုင်းရင်းသား နယ်မြေတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဘယ်လောက်တည်ဆောက်နိုင်ခဲ့တယ်၊ အဲဒီအဖွဲ့ထဲက အများစုကပဲ NCA လက်မှတ်ရေးထိုးနိုင်ခဲ့တယ်ဆိုတာ လက်တွေ့ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုညီလာခံ၊ NCA နှစ်ပတ်လည်နေ့တွေမှာ ငြိမ်းချမ်းရေးကို တကယ်လိုလားရင် ရိုးသားတဲ့စိတ်ရှိဖို့၊ ငြိမ်းချမ်းရေးထက် အရေးကြီးတာ ဘာမှမရှိဘူးဆိုတဲ့ ခံယူချက်ရှိဖို့ အကြိမ်ကြိမ်တိုက်တွန်းခဲ့ပါတယ်။ အစိုးရတွေဘယ်လောက်ပဲပြောင်းပြောင်း ကျွန်တော်တို့နိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံပဲဖြစ်ပါတယ်။ အစိုးရဆိုတာထက် ကျွန်တော်တို့အားလုံး ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံအပေါ် သစ္စာရှိဖို့၊ နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် ရိုးသားစစ်မှန်တဲ့ စိတ်ရင်းစေတနာနဲ့ ဆောင်ရွက်ဖို့ဟာ အဓိကဖြစ်ပါတယ်။ ဒါ့ကြောင့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ NCA စာချုပ်ကို ပိုမိုခိုင်မာအောင်၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနဲ့လည်း လက်ရှိအခြေအနေထက် ပိုမိုတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးအဆင့်တစ်ဆင့်ကို တက်လှမ်းနိုင်အောင်၊ ၎င်းမှ NCA စာချုပ်ထဲမှာ ပါဝင်လက်မှတ်ရေးထိုးနိုင်အောင် စိန်ရတု ပြည်ထောင်စုနေ့ သန္နိဋ္ဌာန်ဖြင့် တိုက်တွန်းလိုပါတယ်။

**“တိုင်းပြည်တစ်ခုတွင် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရှိရမှာဖြစ်ပြီး လုံခြုံရေးလည်း တည်ငြိမ်အေးချမ်းရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ လက်ရှိဖြစ်ပွားနေသောကိစ္စရပ်များဟာ ဒီမိုကရေစီ မရင့်ကျက်သေးသဖြင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များဖြစ်ကြောင်း သတိပြုစေလိုပါတယ်**

**ငြိမ်းချမ်းရေးကမ်းလှမ်းမှုများပြုလုပ်**

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတနိုင်ငံတော်ကို ၂၀၁၁ ခုနှစ်မှာ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းပြီးနောက် ပထမအစိုးရကာလမှာ ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင်တည်ဆောက်ရေးမှာ အရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စတင်နိုင်ဖို့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၈)ဖွဲ့နဲ့ (၄)နှစ်ကျော်ကြာ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်မှာတော့ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်မှာ မွန်ပြည်သစ်ပါတီ (NMSP)နဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် လက်ရှိအချိန်ထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိပြီဖြစ်ပါတယ်။ ဒီအဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးအကျိုးဆောင်များရဲ့ အဲဒီတုန်းကရှိခဲ့တဲ့ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှု၊ စိတ်ဓာတ်နဲ့လုပ်ရပ်တွေကို ထပ်လောင်းအသိအမှတ်ပြု ဂုဏ်ယူပါတယ်။

**အားလုံးပိုင်ဆိုင်တဲ့စာချုပ်**

NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းကရေးဆွဲထားတာ မဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ လိုလားချက်တွေ၊ ကနဦး အဆိုပြုချက်တွေအပေါ် မူတည်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အသေးစိတ်အကျေအလည် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်တဲ့အတွက် အားလုံးပိုင်ဆိုင်တဲ့ စာချုပ်လည်း ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးရဲ့ ထောက်ခံအားပေးမှုကိုလည်းရရှိခဲ့တဲ့အပြင် နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှု၊ ဂုဏ်ယူလေးစားမှုကို ရရှိနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် NCA စာချုပ်ဟာ ကျွန်တော်တို့အတွက် အစဉ်အမြဲအလေးထားရမယ့် မေ့ဖျောက်ပစ်လို့မရတဲ့ စာချုပ်ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

NCA စာချုပ်ကို ချုပ်ဆိုပြီးနောက် NCA စာချုပ်ပါအချက်အလက်များအတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် အခက်အခဲအမျိုးမျိုးကြားမှ မလျော့သောဇွဲဖြင့် ဆက်လက်လုပ်ဆောင်နိုင်ခဲ့ကြလို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၅ ကြိမ်ထိ ကျင်းပနိုင်ခဲ့ပြီး သဘောတူညီချက် (၃၇)ချက်ပါရှိတဲ့ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ သဘောတူညီချက်(၁၄)ချက်ပါဝင်တဲ့ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၂)နဲ့ သဘောတူညီချက် (၂၁)ချက်ပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)တို့ကို ချုပ်ဆိုနိုင်ခဲ့ပြီး စုစုပေါင်းသဘောတူညီချက်(၇၂)ချက် ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီဆွေးနွေးချက်၊ သဘောတူညီချက်တွေဟာ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအားလုံးရည်မှန်းထားတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို ဦးတည်ဆွေးနွေးခဲ့ကြတာဖြစ်ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)မှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို အဆင့်လိုက်၊ အပိုင်းလိုက် ညှိနှိုင်းဆောင်ရွက်သွားကြမယ်လို့ သဘောတူညီခဲ့ကြပြီးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နှောင်းပိုင်းကစတင်ဖြစ်ပွားလာခဲ့တဲ့ ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားမှုကို အကြောင်းပြုပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မပြုလုပ်နိုင်ခဲ့သော်လည်း ယခုအခါကာလမှာ ကိုဗစ်–၁၉ ကူးစက်မှုနှုန်း လျော့ကျလာခဲ့ပြီဖြစ်လို့ အားလုံးရည်မှန်းထားတဲ့ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ဖို့ လမ်းကြောင်းမပျောက်ဘဲ ခိုင်မာတဲ့ သန္နိဋ္ဌာန်ဖြင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ လမ်းကြောင်းတွေကနေ သဘောတူညီချက်တွေရရှိပြီး ရည်မှန်းချက်ရောက်တဲ့အထိ ဆက်လက်လျှောက်လှမ်းသွားကြရမှာဖြစ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။

**လူနည်းစုဆန္ဒကိုအလေးထား**

မိမိတို့အားလုံးလက်ခံထားတဲ့ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရာမှာ တိုင်းဒေသကြီး /ပြည်နယ်အားလုံးမှ တိုင်းရင်းသားအားလုံးသည် တူညီတဲ့ဖက်ဒရယ်အခွင့်အရေးများ အကုန်ရရှိရမှာဖြစ်ပါတယ်။ ဒီမိုကရေစီနှင့်ပတ်သက်၍ အများဆန္ဒအတိုင်း ဆောင်ရွက်နေသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန် လိုအပ်ပါတယ်။ မိမိဆန္ဒနဲ့ မကိုက်ညီတာနဲ့ ရန်သူလို့သဘောထားပြီး ခွဲခြားဆက်ဆံမှုများ၊ လူမှုဆက်ဆံရေးအရ ပြစ်ဒဏ်ခတ်ပြီး လူ့အသိုက်အဝန်းမှ ဖယ်ကြဉ်ထားခြင်းမျိုးဟာ ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားသည့် အတွေးအခေါ်များဖြစ်ပြီး ဒီမိုကရေစီနဲ့ကိုက်ညီမှုမရှိတာကို တွေ့ရပါတယ်။ တိုင်းပြည်တစ်ခုတွင် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရှိရမှာဖြစ်ပြီး လုံခြုံရေးလည်း တည်ငြိမ်အေးချမ်းရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ လက်ရှိဖြစ်ပွားနေသောကိစ္စရပ်များဟာ ဒီမိုကရေစီမရင့်ကျက်သေးသဖြင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များဖြစ်ကြောင်း သတိပြုစေလိုပါတယ်။

ဖက်ဒရယ်စနစ်နဲ့ပတ်သက်၍ မိမိတို့လိုရာကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုပြီး ပြောဆိုနေကြသော်လည်း *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင် ဖြစ်ပါတယ်။ မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းထားရာမှ အာဏာ (၃)ရပ်ကို ခွဲဝေကျင့်သုံးခြင်းပင် ဖြစ်ပါတယ်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီး မည်သို့ပင် အယူဝါဒ အမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့သဟဇာတဖြစ်မယ့်စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင်းနေထိုင်ကြတဲ့ ညီအစ်ကိုမောင်နှမများအားလုံး အတူတကွ ငြိမ်းချမ်းသာယာစွာ အတူယှဉ်တွဲ နေထိုင်ကြမယ်ဆိုတဲ့ အခြေခံစိတ်ဓာတ်နဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီး သဘောထားကွဲလွဲမှုတွေကို ဆွေးနွေးပွဲများမှတစ်ဆင့် အကျေအလည်ညှိနှိုင်း ဖြေရှင်းသွားကြရမှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားညီနောင်များ ခင်ဗျား–**

ယနေ့ကာလဟာ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ NLD ပါတီရဲ့ မဲမသမာမှုတွေအပေါ် တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေက ညှိနှိုင်းဆွေးနွေးအဖြေရှာဖို့ အကြိမ်ကြိမ် နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့လို့ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဦးဆောင်နေတဲ့ကာလဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကို တာဝန်ယူပြီးသည့် အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်နဲ့ ဦးတည်ချက် (၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း အလေးထားလုပ်ဆောင်လျက်ရှိပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းပေးပြီး ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါတယ်။ လက်ရှိကာလမှာ ညှိနှိုင်းရေးကော်မတီအနေနဲ့ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီတို့ကို စုစုပေါင်း (၂၁) ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရပ်တန့်မှုမရှိအောင် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

**တရားဥပဒေ စိုးမိုးရေးကိုထိခိုက်စေ**

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံရဲ့ အကျိုးစီးပွားကိုမလိုလားသော နိုင်ငံကို ဖျက်လိုဖျက်ဆီးလုပ်လိုသည့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ မီဒီယာများနဲ့ အာဏာကို အကြမ်းဖက်နည်းနဲ့ ရယူလိုသူတွေဖြစ်တဲ့ NLD ပါတီဝင်အစွန်းရောက်များ၊ NUG၊ CRPH နဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများရဲ့ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ရဲ့ဒေသအချို့မှာ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အတိုင်းအတာတစ်ခုအထိ အဟန့်အတား ဖြစ်ပေါ်စေလျက်ရှိနေတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့ဟာလည်း ပြည်တွင်း / ပြည်ပ အဖွဲ့အစည်းအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်လုပ်ဆောင်လိုတဲ့ သဘောထားဆောင်ရွက်ချက်များ တွေ့ရှိလာရသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံကြည်မှုပျက်ပြားစေမယ့် မလုပ်သင့်မလုပ်ထိုက်တဲ့ လုပ်ရပ်များလုပ်ဆောင်ပြီး နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အဖြစ် သတ်မှတ်ထားတဲ့ အဖွဲ့အစည်းများနဲ့ ပါဝင်ပတ်သက်မှုတွေ ရှိနေတာလည်း တွေ့ရပါတယ်။ သို့ပေမယ်လို့ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ မထိခိုက်အောင် သဘောထားကြီးစွာနဲ့ တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော် အစမှာပြောခဲ့သလို NCA ဟာ ကျွန်တော်တို့ အားလုံး အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်း၍ ခက်ခက်ခဲခဲအဖြေရှာပြီးမှ နှစ်ပေါင်း (၇၀) ကျော်ကာလမှာ ပထမဆုံးရလာခဲ့တဲ့ ငြိမ်းချမ်းရေးလမ်းစဖြစ်ပါတယ်။ အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် NCA ဆိုတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်း ပျောက်ပျက်မသွားဖို့ အထူးသတိပြုစေလိုကြောင်း ပြောကြားလိုပါတယ်။

မိမိတို့အစိုးရအနေနဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စု တည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့အစိုးရက ခိုင်ခိုင်မာမာ အာမခံပါတယ်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ နိုင်ငံတော်က ချမှတ်လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်များနဲ့ လက်ရှိပကတိအခြေအနေမှန်များကို မှန်ကန်စွာ သိရှိနားလည်ပြီး အချို့မီဒီယာများရဲ့ မဟုတ်မမှန်သတင်းများကို စိစစ်စဉ်းစားချင့်ချိန်နိုင်ဖို့နဲ့ မိမိတို့ လျှောက်လှမ်းနေသော ငြိမ်းချမ်းရေးလမ်းကြောင်းကို ထိခိုက်စေမယ့် အပြုအမူများကို ရှောင်ရှားကြဖို့လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။ NCA ငြိမ်းချမ်းရေး လမ်းကြောင်းပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းခြင်းဟာ နိုင်ငံတော်အစိုးရက လက်ရှိဦးတည်သွားနေသော လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို သတ်မှတ်ချိန်အတွင်း ကျင်းပနိုင်ခြင်းအားဖြင့် ပြည်သူကရွေးချယ်ပေးတဲ့ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာရေးကို အားပေးကူညီရာရောက်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

လက်ရှိအခြေအနေမှာ တစ်ကမ္ဘာလုံး ကိုဗစ်–၁၉ ကပ်ရောဂါကို ၂၀၁၉ ခုနှစ် နှောင်းပိုင်းမှစ၍ ယခုအထိ ခံစားနေရတဲ့ကာလ ဖြစ်ပါတယ်။

> ❖ **လက်ရှိအခြေအနေမှာ တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ကပ်ရောဂါကို ၂၀၁၉ ခုနှစ် နှောင်းပိုင်းမှစ၍ ယခုအထိခံစားနေရတဲ့ကာလဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်“ပြည်သူလူထု၏အသက်ထက် အရေးကြီးတာ ဘာမျှမရှိ ”ဟူသော မူဝါဒနဲ့ တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ရှိသမျှခွန်အား၊ စွမ်းအားဖြင့်အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်**
>
> ❖ **မိမိတို့နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူအားလုံး အလိုချင်ဆုံး၊ အတောင့်တဆုံးဆန္ဒဖြစ်တဲ့ နောင်လာမယ့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းတဲ့ အမွေကောင်းတစ်ခုချန်ထားခဲ့ရန် လိုအပ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အချိန်မဆွဲဘဲ ဖြစ်နိုင်သမျှ မြန်မြန်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ သဘာဝသယံဇာတများ ပေါကြွယ်ဝတဲ့ မိမိတို့နိုင်ငံအနေနဲ့ ငြိမ်းချမ်းရေး အမြန်ရရှိလေ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လေဖြစ်မှာ ဖြစ်ပါတယ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် **“ပြည်သူလူထု၏အသက်ထက် အရေးကြီးတာ ဘာမျှမရှိ** ”ဟူသော မူဝါဒနဲ့ တစ်နိုင်ငံလုံး၊ ပြည်သူလူထု တစ်ရပ်လုံးအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ရှိသမျှ ခွန်အား၊ စွမ်းအားဖြင့် အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် “ ပြည်ထောင်စုအတွင်း နေထိုင်ကြသောတိုင်းရင်းသားများ ဆိုတာထက် လူမျိုးဘာသာမရွေး လူသားအားလုံးကို ကျန်းမာရေးစောင့်ရှောက်မှု တန်းတူအခွင့်အရေး ခံစားခွင့်ရရှိစေရမယ်” ဆိုတဲ့မူဝါဒနှင့်အညီ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေသာမက NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနဲ့ နယ်စပ်ဒေသနေ ပြည်သူလူထုများ၊ တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအားလုံးအတွက်ပါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ အချို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် ဦးစားပေးအရေးအတွက်အလိုက် စတင်ထိုးနှံပြီးဖြစ်ကြောင်းနဲ့ ကျန်းမာရေး အသိအမြင်နဲ့ သာရှုမြင်ပြီး ကာကွယ်ဆေးများ အချိန်မီထိုးနှံနိုင်ရေး ညှိနှိုင်းရေးကော်မတီနဲ့ ပေါင်းစပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း အသိပေး ပြောကြားလိုပါတယ်။

**တွေ့ဆုံဆွေးနွေးရေး**

ကျွန်တော်တို့အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်လှစ်ထားရှိကြောင်း အတိအလင်း ကြေညာထားပြီးဖြစ်ပါတယ်။ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရတာဝန်ကို ရယူထားချိန်ဖြစ်လို့ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုသည့် အဆင့်မှအပ ကျန်သည့် အစိတ်အပိုင်းများ ဆောင်ရွက်၍ရနိုင်ကြောင်း ပြောကြားလိုပါတယ်။ လက်ရှိနိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ရွေးကောက်ခံအစိုးရ၊ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမရှိသည့်အတွက်ကြောင့် ဆောင်ရွက်၍မရနိုင်ဟု ထင်မြင်ယူဆဖွယ်ဖြစ်သော်လည်း ရွေးကောက်ပွဲ ထပ်မံကျင်းပပြီးစီးပါက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကသာ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များဖြစ်လာမှာ ဖြစ်သည့်အတွက် ယခုကာလတွင် မိမိတို့အနေဖြင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို သက်ဆိုင်သူများနဲ့ စဉ်ဆက်မပြတ်ဆောင်ရွက်နေခြင်းအားဖြင့် ပိုမိုခရီးရောက်စေမည်ဖြစ်ပါတယ်။

မိမိတို့နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူအားလုံး အလိုချင်ဆုံး၊ အတောင့်တဆုံးဆန္ဒဖြစ်တဲ့ နောင်လာမယ့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းတဲ့ အမွေကောင်းတစ်ခု ချန်ထားခဲ့ရန် လိုအပ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အချိန်မဆွဲဘဲ ဖြစ်နိုင်သမျှ မြန်မြန်လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ သဘာဝသယံဇာတများ ပေါကြွယ်ဝတဲ့ မိမိတို့နိုင်ငံအနေနဲ့ ငြိမ်းချမ်းရေး အမြန်ရရှိလေ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လေဖြစ်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးကို အလေးအနက်ထား အကောင်အထည်ဖော်နေချိန်ဖြစ်လို့ ယနေ့အချိန်ကာလဟာ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များရော၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များရော တိုင်းပြည်အကျိုးစီးပွား၊ ပြည်သူပြည်သားများ အားလုံးရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းရန်အတွက် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့– ဆရာဇော်ဂျီရဲ့ ကဗျာလေးတစ်ပိုဒ်နဲ့ပဲ အဆုံးသတ်လိုပါတယ်။ အဲဒါကတော့

**“ ထလော့မြန်မာ၊ မြန်မာထလော့ – အားမပျော့နှင့်၊ မလျှော့လုံ့လ – သူကစ၍ ငါကအားလုံး – လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့် – စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့ – ဤမြေဤရွာ၊ ဘယ်သူ့ရွာလဲ – ဤယာစပါး၊ ဘယ်သူ့စပါးလဲ – ထားလော့တာဝန်၊ ပွန်လော့လုပ်ငန်း – ဉာဏ်ရှေ့ပန်း၍ – တစ်စိတ်တစ်ဝမ်းညီစေသတည်း ”**

ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့အားလုံး တစ်စိတ်တစ်ဝမ်း ညီညွတ်ကြပါစို့ ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

- စိုက်ပျိုးရေးတွင် အရေးအကြီးဆုံးလိုအပ်ချက်မှာ မြေဩဇာနှင့် ရေလုံလောက်စွာရရှိရေးပင်ဖြစ်ကြောင်း၊ မြေဩဇာ ရရှိရေးအတွက် ပြည်ပမှဈေးနှုန်းကြီးမြင့်စွာဖြင့် တင်သွင်းနေရပြီး ပြည်တွင်း၌ လိုအပ်ချက်များစွာရှိကြောင်း၊ မြေဩဇာနှင့်ပတ်သက်၍ တိရစ္ဆာန်များနှင့် သစ်ဆွေးမြေများမှရရှိနိုင်သည့် သဘာဝဓာတ်မြေဩဇာ Bio Fertilizer ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်
- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းများမှ ဖောက်ထွက်၍ ခေတ်မီနည်းစနစ်များဖြင့် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏အဓိကစီးပွားရေးကို ဆောင်ရွက်ပေးနေသည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ ထပ်မံတိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိ

● *ရှေ့စာမှ*

ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

### အဖွင့်အမှာစကား ပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ဒေသအလိုက် စားနပ်ရိက္ခာပေါများရေးနှင့်ပတ်သက်၍ တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စားရေးဖူလုံမှုရှိသော်လည်း အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် ဖူလုံမှုမရှိသည့် နေရာဒေသများရှိကြောင်း၊ ဒေသတွင်းဆန်ဖူလုံမှုဖြင့် ကျေနပ်မနေဘဲ စပါးအထွက်နှုန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် စပါးစိုက်တောင်သူများ၏ ဝင်ငွေ တိုးတက်လာမည်ဖြစ်ကြောင်း၊ အခြေခံရည်ညွှန်းစပါးဈေးနှုန်းအား နိုင်ငံစီးပွားရေးနှင့် အခြေခံလုပ်သားလစာကို အခြေခံတွက်ချက်၍ ထိုက်သင့်သည့်ဈေးနှုန်းဖြင့် သတ်မှတ်ပေးထားကြောင်း၊ ဆန်ဖူလုံရေးနှင့်ပတ်သက်၍ အထွက်နှုန်းတိုးအောင်ဆောင်ရွက်၍ ဆန်ဖူလုံအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်မှ မြေဩဇာ၊ ဒီဇယ်ဆီများ ဖြစ်နိုင်သမျှ ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ ထို့အတူ အခြားစိုက်ပျိုးရေး ထွက်ကုန်များကိုလည်း အထွက်နှုန်းတိုးအောင်ဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးရေးထွက်ကုန်များ အထွက်နှုန်းတိုးတက်အောင် ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ အကောင်းဆုံး အခွင့်အလမ်းများ စုဝေးနေသည့်နေရာဖြစ်ပြီး သွားလာမှုအဆင်ပြေသည့် နေရာတစ်ခုဖြစ်သဖြင့် အဆိုပါ အားသာချက်များကိုအသုံးချ၍ ကြိုးစားဆောင်ရွက်မည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရန်ကုန်တိုင်းသည် ထိပ်ဆုံးသို့ရောက်ရှိနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ အာဆီယံတွင် ဧပြီ ၂၄ ရက်၌ အာဆီယံ အထူးကိုယ်စားလှယ် ရွေးချယ်စေလွှတ်ရေးအပါအဝင် အကြမ်းဖျင်းအားဖြင့် သဘောတူညီ ချက် ၅ ချက် ရရှိခဲ့ပြီး မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ပြန်လည်ရင်ကြားစေ့ရေးနှင့် ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် အာဆီယံမှ ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပဋိညာဉ်၊ အာဆီယံကတိကဝတ်များဖြင့် ရပ်တည်ဆောင်ရွက်ရန် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ခြင်းထက် အခြားစွက်ဖက်မှုအချို့ရှိသည်ကို တွေ့ရှိရသဖြင့် အတတ်နိုင်ဆုံး ပြေလည်အောင် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

### ပြည်တွင်းငြိမ်းချမ်းရေး

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ယနေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၆) နှစ်မြောက်နေ့ဖြစ်ပြီး အခမ်းအနားတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ (NCA) လက်မှတ်ရေးထိုးထားသည့် အဖွဲ့များအနေဖြင့် တိုးတက်အောင်ဆက်လက်ဆောင်ရွက်ရန်၊ လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် အဖွဲ့များကိုလည်း ဖိတ်ခေါ်ပါကြောင်းနှင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြည်သူ့ဆန္ဒ၊ နိုင်ငံအကျိုးရှိစေမည့် အကြောင်းခြင်းရာများကို Video Message ဖြင့်ပေးပို့သော မိန့်ခွန်းတွင် အပြည့်အစုံထည့်သွင်းပြောကြားခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ထိန်းသိမ်းထားသည့် EAO အဖွဲ့များမှ ကာယကံမြောက် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်ထားသူများနှင့် လက်နက်နှင့်တကွ ဖမ်းဆီးရမိသူများမှ အပ ကျန်အဖွဲ့ဝင်များ၏ အမှုစွဲဆိုထားမှုများကို ပိတ်သိမ်း၍ ပြန်လွှတ်ပေးခဲ့ကြောင်း။

### တရားဥပဒေစိုးမိုးရေး

မိမိတို့အနေဖြင့် မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိပြီး ယင်းသည် နိုင်ငံ့အရေးကိစ္စပင်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း တရားဥပဒေစိုးမိုးရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခကိစ္စများနှင့် ပတ်သက်၍လည်း တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း EAO အဖွဲ့အချို့အနေဖြင့် နိုင်ငံရေး မတည်ငြိမ်မှုကို အသုံးချ၍ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုများ ပြုလုပ်လာသဖြင့် ထိန်းသိမ်းဆောင်ရွက်နေရမှုများရှိကြောင်း၊ ယခုအခါ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ သတင်းပေးမှုများနှင့် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖမ်းဆီးရမိမှုများ များစွာပြုလုပ်လာနိုင်ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးအကြီးဆုံးဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုအားကောင်းသည့် ဒေသများတွင် သတင်းရရှိမှု ပိုမိုမြန်ဆန်ကာ ဒေသတည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးတည်ဆောက်နိုင်သည်ကို တွေ့ရှိရကြောင်း။

### စီးပွားရေး

စီးပွားရေးနှင့်ပတ်သက်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုနှင့်ပတ်သက်၍ ပိုငွေပြခဲ့သော်လည်း ကုန်သွယ်မှုနှုန်းမှာ ကျဆင်းခဲ့ကြောင်း၊ မိမိတို့တစ်နိုင်ငံတည်း ကုန်သွယ်မှုကျဆင်းနေခြင်းမဟုတ်ဘဲ ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေခြင်းဖြစ်ပြီး နိုင်ငံတကာတွင်လည်း ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မဖြစ်မနေသုံးစွဲရသည့် စားသောက်ကုန်များမှလွဲ၍ ကျန်ရှိသည့် ကုန်ပစ္စည်းများ ရောင်းဝယ်မှုကျဆင်းလာကြောင်း၊ မိမိတို့နိုင်ငံတွင် ဘိလပ်မြေများ လုံလောက်စွာထုတ်လုပ်နိုင်သည့် စက်ရုံများရှိပြီး ကုန်ကြမ်းများလည်း လုံလောက်စွာရှိကြောင်း၊ နိုင်ငံအတွင်း ဘိလပ်မြေလုံလောက်စွာ ထုတ်လုပ်နိုင်ရေး အသုံးချဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး အများစုမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ အဆိုပါကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးနှင့် စီးပွားရေးကို ပစ်ပယ်ထား၍မရကြောင်း၊ စိုက်ပျိုးရေးတွင် အရေးအကြီးဆုံးလိုအပ်ချက်မှာ မြေဩဇာနှင့် ရေလုံလောက်စွာရရှိရေးပင် ဖြစ်ကြောင်း၊ မြေဩဇာ ရရှိရေးအတွက် ပြည်ပမှဈေးနှုန်းကြီးမြင့်စွာဖြင့် တင်သွင်းနေရပြီး ပြည်တွင်း၌ လိုအပ်ချက်များစွာရှိကြောင်း၊ မြေဩဇာနှင့်ပတ်သက်၍ တိရစ္ဆာန်များနှင့် သစ်ဆွေးမြေများမှရရှိနိုင်သည့် သဘာဝဓာတ်မြေဩဇာ Bio Fertilizer ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့အတွက် ယူရီယားဓာတ်မြေဩဇာထုတ်လုပ်ရေး မရှိမဖြစ်လိုအပ်သဖြင့် ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ယူရီယားဓာတ်မြေဩဇာထုတ်လုပ်သည့် စက်ရုံအား အပြည့်အဝလည်ပတ်ခြင်းဖြင့် ပြည်တွင်းမြေဩဇာလိုအပ်မှုကို အထိုက်အလျောက် အကျိုးရှိမည်ဖြစ်သဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး အဓိကလိုအပ်ချက်မှာ သဘာဝဓာတ်ငွေ့ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့များအား အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ရောင်းချနေခြင်းများရှိကြောင်း၊ ပြည်ပနှင့်စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း၌ အကျိုးရှိစွာအသုံးပြုနိုင်ရေး ဦးစားပေးဆောင်ရွက်ရမည့် မူဝါဒကို ထည့်သွင်းချမှတ် ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအား၊ လေအားနှင့် နေရောင်ခြည်စွမ်းအင်တို့မှလည်း လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက သဘာဝဓာတ်ငွေ့များအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ခြင်းများကို လျှော့ချနိုင်ပြီး သဘာဝဓာတ်ငွေ့များအား အခြားနေရာများတွင် အသုံးပြု၍ရကြောင်း။

### မွေးမြူရေး

မွေးမြူရေးနှင့်ပတ်သက်၍ ခေတ်မီသည့် မွေးမြူရေးစနစ်များဖြစ်ရန်လိုကြောင်း၊ တပ်မတော်တွင် ဥစားကြက်များမွေးမြူရာတွင် ခေတ်မီအအေးခန်းစနစ်(Evaporated Cooling System)ဖြင့် မွေးမြူလျက်ရှိပြီး ကြက်ဥများအထွက်နှုန်း ကောင်းမွန်သဖြင့် စီးပွားရေးအရ တွက်ခြေကိုက်ကြောင်း၊ သို့သော် နိုင်ငံတကာနှင့်ယှဉ်ပါက မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာအရ နောက်ကျမှုရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းများမှ ဖောက်ထွက်၍ ခေတ်မီနည်းစနစ်များဖြင့် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏အဓိကစီးပွားရေးကို ဆောင်ရွက်ပေးနေသည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ ထပ်မံတိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

### ပြည်တွင်းစီးပွားရေးကို ပိုမိုအားပေးရန်လိုအပ်

ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားချိန်တွင် ပြည်တွင်းဖြစ်ကို အားပေးရန်နှင့် ပြည်တွင်းစီးပွားရေးကို ပိုမိုအားပေးရန် လိုအပ်ကြောင်း၊ ပြည်သူများချမ်းသာကြွယ်ဝခြင်းသည် နိုင်ငံချမ်းသာကြွယ်ဝခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူကိုဆင်စီးမြင်းရံဖြင့် လူမှုဘဝမြင့်မြင့်မားမားနေထိုင်နိုင်ရန်အတွက် တွန်းအားပေးဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ လိုအပ်သည်များ ထိန်းကျောင်းပေးခြင်းနှင့် အားပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေး

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးနှင့်ပတ်သက်၍ ယခင်လများထက် ကျဆင်းမှုများရှိသော်လည်း ယခုထက် ထပ်မံကျဆင်းရန်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စစ်ဆေးမှုများအား ကြပ်ကြပ်မတ်မတ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အောက်တိုဘာ ၁၄ ရက် ည ထုတ်ပြန်ချက်အရ ရောဂါပိုးတွေ့ရှိသူ ၁၅၁၄ ဦးရှိပြီး သေဆုံးသူ ၃၃ ဦးရှိကြောင်း၊ တွေ့ရှိသူ ရာခိုင်နှုန်း ၈ ရာခိုင်နှုန်း ဝန်းကျင်တွင်ရှိနေကြောင်း၊ ပညာသင်ကြားနေသည့် ကျောင်းသားများ ကာကွယ်ဆေးထိုးနှံရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး ဆေးထိုးနှံသူများ များပြားလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း၊ ရောဂါပိုးတွေ့ရှိရာတွင် ရှမ်းပြည်နယ်သည် အရေအတွက်အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ် -၁၉ ရောဂါကူးစက်မှုနှင့်ပတ်သက်၍ သတိထားဆောင်ရွက်ရမည့် အခြေအနေတွင် ရှိနေဆဲဖြစ်သဖြင့် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် စည်းကမ်းများအတိုင်း လိုက်နာနေထိုင်ကြရန်လိုကြောင်း၊ Stay at Home သတ်မှတ်ထားသည့် မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းကျဆင်းသည့် အချို့မြို့နယ်များအား ပယ်ဖျက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လုံးဝစိတ်ချရသည့် အနေအထားသို့ မရောက်ရှိသေးကြောင်း၊ ပြည်ပမှကာကွယ်ဆေးများ ရောက်ရှိမှုမှာ ဝယ်ယူထားသည့် ကာကွယ်ဆေးနှင့် လှူဒါန်းထားသည့်ကာကွယ်ဆေး Does စုစုပေါင်း ၂၃၈၂၃၆၀၀ ဖြစ်ကြောင်း၊ ယခုလ ၁၄ ရက်အထိ ကာကွယ်ဆေး Does ထိုးပြီးသူစုစုပေါင်း ၁၂၉၁၁၄၈ ဦးရှိပြီး ထပ်မံထိုးနှံပေးနေဆဲဖြစ်ကြောင်း၊ ပြည်ပမှ ကာကွယ်ဆေးများ ထပ်မံဝယ်ယူရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုရာခိုင်နှုန်းများ ကျဆင်းခဲ့ခြင်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် ပြည်သူများ၏ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုနှင့် အောက်ဆီဂျင် လုံလောက်အောင်ကြိုးပမ်းနိုင်မှု၊ ကုသဆေးအား One Stop Services ဖြင့် အခွန် “0” ဆောင်ရွက်ပေးမှု၊ ထိုက်သင့်သော ကာကွယ်ဆေးထိုးနှံပေးနိုင်မှုတို့ကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအနေဖြင့် နိုင်ငံသာယာဝပြောရေးကိစ္စများတွင် ကဏ္ဍပေါင်းစုံမှ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးမောင်းဟာ၊ စောဒန်နီယယ်နှင့် ဦးရွှေကြိမ်းတို့က နိုင်ငံတော်နှင့် အများပြည်သူ လုံခြုံရေးအတွက် လိုအပ်နေသည့်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ဥပဒေများ ပြန်လည်ပြဋ္ဌာန်းပေးရေး၊ နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် ဥပဒေများအား ဖျက်သိမ်းရေး၊ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများ ဆောင်ရွက်ရေး၊ အခြေခံလူတန်းစားများ၏ စားဝတ်နေရေး ပြေလည်စေရေးအတွက် ဆန်နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးနိုင်ရေး၊ လွှတ်တော်အတွင်း တစ်ပါတီကြီးစိုးသော အာဏာရှင်ဆန်သည့် ပါတီကြီးဝါဒမဖြစ်စေရန်၊ ဖက်ဒရယ်စနစ်အတွက် အထောက်အကူပြုစေရန် ရွေးကောက်ပွဲစနစ်အား အချိုးကျကိုယ်စားပြု(PR)စနစ် ကျင့်သုံးနိုင်ရေး၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၏ မဲမသမာမှုများ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ပြည်သူလူထု ပိုမိုသိရှိအောင် ဆောင်ရွက်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရေး၊ ပြည်သူလူထုအတွင်း ငွေကြေးလည်ပတ်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် ဗဟိုဘဏ်မှကြီးကြပ်ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်၏ မူဝါဒများအပေါ် ဝန်ကြီးဌာနများ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဆောင်ရွက်ရေး၊ မွေးမြူရေးကဏ္ဍ မြှင့်တင်ရေးအတွက် တိရစ္ဆာန်ဆေးနှင့်အစာ ထုတ်လုပ်မှုအပိုင်းအား နိုင်ငံတော်အစိုးရက ကြပ်မတ်ဆောင်ရွက်ရေး၊ နေပြည်တော်ရှိ ချောင်းမကြီးဆည်မှပေးဝေသည့် ဆည်ရေအရည်အသွေး ကောင်းမွန်စေရန် ရေအရည်အသွေး ပုံမှန်စစ်ဆေးပေးရန်နှင့် ဆည်လုံခြုံရေးတိုးမြှင့်ချထားပေးရေး၊ ဘဏ်ဝန်ထမ်းများ အကျင့်ပျက်ခြစားမှု မရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားရေး။

ရခိုင်ပြည်နယ်ရှိ ဒီရေတောများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လူမှုကွန်ရက်စာမျက်နှာများကို ကြပ်မတ်ဆောင်ရွက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျောင်းသူကျောင်းသားများ ကိုဗစ်ကာကွယ်ဆေးထိုးနှံရေး၊ နိုင်ငံခြားဝင်ငွေရရှိမည့် ပြည်တွင်းထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် လွယ်ကူလျင်မြန်ချောမွေ့ရေး၊ ဆောက်လုပ်ရေးသုံး ပစ္စည်းအချို့အား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ ချင်းပြည်နယ်ရှိ တောင်တန်းဒေသများ၌ မဟာဓာတ်အားလိုင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးတို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အားရရှိအသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးရေး၊ စပါးရိတ်သိမ်းခြွေလှေ့စက်များအတွက် လိုအပ်သည့် စက်သုံးဆီများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အစိုးရရုံးဌာနများ တိုးချဲ့ဖွင့်လှစ်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**❐ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားချိန်တွင် ပြည်တွင်းဖြစ်ကို အားပေးရန်နှင့် ပြည်တွင်းစီးပွားရေးကို ပိုမိုအားပေးရန် လိုအပ်ကြောင်း၊ ပြည်သူများ ချမ်းသာကြွယ်ဝခြင်းသည် နိုင်ငံချမ်းသာကြွယ်ဝခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူကို ဆင်စီးမြင်းရံဖြင့် လူမှုဘဝမြင့်မြင့်မားမားနေထိုင်နိုင်ရန် အတွက် တွန်းအားပေးဆောင်ရွက်နေရခြင်းဖြစ်**

### ညှိနှိုင်းဆွေးနွေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည့် ဥပဒေများ ပြန်လည်ပြဋ္ဌာန်းရေးနှင့် မလိုအပ်သည့်ဥပဒေများ ဖျက်သိမ်းရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံရည်ညွှန်းစပါးဈေးနှုန်းနှင့်စပ်လျဉ်း၍ စပါးဈေးနှုန်းသတ်မှတ်ရာတွင် နိုင်ငံ့ဝန်ထမ်းများနှင့် စက်ရုံ၊ အလုပ်ရုံများရှိ အခြေခံဝန်ထမ်းများ၏ အခြေခံလစာရရှိမှုအပေါ် ချိန်ထိုးစဉ်းစားခဲ့ကြောင်း၊ အချိုးကျကိုယ်စားပြု (PR) စနစ်နှင့်စပ်လျဉ်း၍ မူအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာပါတီများနှင့် ဆွေးနွေးနေကြောင်း၊ NGO၊ INGO အဖွဲ့များနှင့်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

### ပြည်ပပို့ကုန် တင်ပို့မှု

ပြည်ပပို့ကုန် တင်ပို့မှုများနှင့်စပ်လျဉ်း၍ ပြည်တွင်းလိုအပ်ချက်များကို ပြည့်မီအောင် ဦးစွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သံရုံးအချို့တွင် စီးပွားရေးသံမှူးများထားရှိပြီး နိုင်ငံခြားသို့ ပြည်တွင်းထုတ်ကုန်အမယ်သစ်များ တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်ရန် တာဝန်ပေးအပ်ပြီးဖြစ်ကြောင်း၊ ချင်းပြည်နယ် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် လေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးပါ ကြံဆဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုလည်း လိုအပ်ပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အစိုးရရုံးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ်မည့် ရုံး၊ ဌာနများ ထားရှိနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီရေတော၊ ဓနိတောများနှင့်စပ်လျဉ်း၍ ပြန်လည်ထိန်းသိမ်းနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် စပ်လျဉ်း၍ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့် ကာကွယ်ဆေးများကိုလည်း ထပ်မံမှာယူထားကြောင်း ပြောကြားသည်။

### သင်ခန်းစာယူကြရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့ ရည်မှန်းဆောင်ရွက်နေသည်မှာ တိုင်းပြည် သာယာဝပြောရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစစ်စစ် ပေါ်ထွန်းလာရေးဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိမိတို့တိုင်းပြည်သည် တိုးတက်သင့်သလောက် မတိုးတက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သော ရှက်ဖွယ်ရာဖြစ်သည့် မရိုးသားမှုများသည် တိုင်းပြည်အတွက် အရုပ်ဆိုးအကျည်းတန်သောလုပ်ရပ်ပင်ဖြစ်ပြီး သင်ခန်းစာယူကြရန်လိုကြောင်း၊ နောင်လာနောက်သားများအတွက် ကောင်းမွန်သောအမွေကောင်းများသာ ထားရှိပေးခဲ့လိုပြီး အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း အမြင်ကျယ်ကျယ်စဉ်းစား၍ တိုင်းပြည်ကောင်းကျိုးအတွက် စဉ်းစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

# NCA လက်မှတ်ရေးထိုးခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) ၊ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### ဗီဒီယိုမက်ဆေ့ပေးပို့၍ မိန့်ခွန်းပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က NCA လက်မှတ်ရေးထိုးခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗီဒီယိုမက်ဆေ့ပေးပို့၍ မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ NCA လက်မှတ်ရေးထိုးခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စောစတီး၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC) မှ ဒေါက်တာ နော်ကပေါ်ထူး၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) မှ ဒေါ်စောမြရာဇာလင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)မှ ဦးမင်းဇော်၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ စိုင်းကောင်းတို့က NCA လက်မှတ်ရေးထိုးခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကား ပြောကြားကြပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ခွန်ဥက္ကာ၊ မွန်ပြည်သစ်ပါတီ (NMSP)မှ နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ ကျာယာကုပ်တို့က Online မှတစ်ဆင့် အထိမ်းအမှတ် အမှာစကားပြောကြားကြသည်။

### အထိမ်းအမှတ် အမှာစကားများ ပြောကြား

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးခင်မောင်ရီနှင့် ဦးခင်ရီ၊ ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က NCA လက်မှတ်ရေးထိုးခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားကြပြီး လုပ်ငန်းကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား) က Online မှတစ်ဆင့် အထိမ်းအမှတ် အမှာစကားများ ပြောကြားသည်။

ထို့နောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ယနေ့ မင်္ဂလာရှိသော ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါသည်။

စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးတို့သည် လူသားတို့၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်ရာ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပလျက်ရှိသော ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာ့လူသားအားလုံးအတွက် အထူးအလေးထားရမည့်နေ့ဟု အသိအမှတ်ပြုရမည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင်ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်း (၃ ဘီလီယံ) ခန့်သည် ကျန်းမာရေးနှင့်ပြည့်စုံသည့် အစားအစာမရရှိကြောင်း၊ ၁၀ရာခိုင်နှုန်းသော ကမ္ဘာ့လူဦးရေမှာ ဘေးမကင်းသည့်အစားအစာများ၏ အကျိုးသက်ရောက်မှုကို ခံစားနေရကြောင်း၊ ကမ္ဘာ့အစားအစာစနစ်သည် မညီမျှမှုနှင့်မမျှတမှုများ ဖြစ်ပေါ်နေကြောင်း၊ ကမ္ဘာကြီး၏ အချို့သောနေရာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံ၊ သားငါးနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှုကို လျော့ကျစေလျက်ရှိပြီး ထွက်ကုန်များ၌ အာဟာရဓာတ်ပါဝင်မှုများလည်း ပြောင်းလဲလျက်ရှိကြောင်း၊ လေလွင့်ပြုန်းတီးမှုများသည်သီးနှံသားငါး ထုတ်လုပ်မှုတွင် ၁၄ ရာခိုင်နှုန်းနှင့် စားသုံးမှုတွင် ၁၇ ရာခိုင်နှုန်းမျှရှိနေကြောင်း၊ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းနေမှုများအရ ကမ္ဘာတစ်ဝန်း၏ စားနပ်ရိက္ခာဖူလုံမှုကို ထပ်ဆင့်ထိခိုက်စေလျက်ရှိရာ လက်ရှိစားနပ်ရိက္ခာဖူလုံမှုမရှိခြင်း ခံစားနေရသည့် ကမ္ဘာ့လူဦးရေသန်း ၆၉၀ ထက် ထပ်မံ၍ သန်း ၁၀၀ ခန့် ပိုမိုတိုးပွားလာနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။

သို့ဖြစ်ရာ စားနပ်ရိက္ခာထုတ်လုပ်မှုတွင် အခြေခံကျသည့် လယ်ယာကဏ္ဍကြီးနှင့် ထုတ်လုပ်မှုကွင်းဆက်လုပ်ငန်းများ၌ အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် အရည်အသွေးကောင်း ထွက်ကုန်များ ထွက်ရှိရေး၊ လေလွင့်ပြုန်းတီးမှုများ လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိပြီး ရေရှည်တည်တံ့သည့်မျိုး၊ နည်းစနစ်များအသုံးချရေး၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ ထိုက်သင့်သည့်ဝင်ငွေရရှိရေးတို့အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ထိရောက်သောမူဝါဒများ ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး အဓိကအခြေခံစီးပွားရေးမှာ လယ်ယာကဏ္ဍဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရသည် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့်အညီ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးအစီအစဉ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာမူဘောင်နှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)တွင် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ လယ်ယာကဏ္ဍအနေဖြင့် စုစုပေါင်း ၁၄.၁ ရာခိုင်နှုန်းပါဝင်ပြီး သားငါးကဏ္ဍအနေဖြင့် စုစုပေါင်း ၇.၇ ရာခိုင်နှုန်း ပါဝင်လျက်ရှိပါသည်။ စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍ ပို့ကုန်တန်ဖိုး ပါဝင်မှုမှာ ၃၈ ရာခိုင်နှုန်း ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံရေးအတွက် ပြည်တွင်း၌ အဓိကစားသုံးသည့် ဆန်စပါးကို ဒေသအလိုက် ဖူလုံရေးအစီအမံများ၊ စားသုံးရာတွင် အရည်အသွေးကောင်းပြီး ပြည်ပဈေးကွက်တွင် ဈေးကောင်းရစေမည့် စပါးမျိုးများ တိုးတက်ထုတ်လုပ်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် လက်ရှိ စိုက်ပျိုးရာသီယာပေါ်တွင် အထွက်နှုန်းတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအတွင်း ဆီထွက်သီးနှံမျိုးစုံစိုက်ပျိုးသော်လည်း စားသုံးဆီဖူလုံမှုမရှိသဖြင့် ပြည်ပမှ တင်သွင်းရလျက်ရှိရာ မြေပဲနှင့်နှမ်းအပြင် ဆီထွက်နှုန်းကောင်းသည့် ဆီအုန်း၊ နေကြာ၊ ပြောင်း၊ မုန်ညင်းနှင့် ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့်သော် လည်းကောင်း၊ ဖွဲနု၊ ဝါစေ့နှင့်ပြောင်းဖူးကဲ့သို့ ဘေးထွက်ပစ္စည်းများမှ လည်းကောင်း ပြည်တွင်းဆီထုတ်လုပ်မှုကိုမြှင့်တင်ကာ တစ်ဖက်ကလည်း ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အညီ စားသုံးဆီသုံးစွဲမှုလျှော့ချကြရန် အသိပညာပေးပြီး နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

> ❑ **မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားလျက်ရှိသည့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အဓိကရိက္ခာဖြစ်သည့် စပါးသီးနှံ စိုက်ဧက ၁၇.၂၀ သန်းကျော်နှင့် အထွက်တင်းပေါင်း ၁၂၆၅ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ အဓိက ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ဧက ၇.၂၁ သန်းကျော်၊ အထွက် တင်းပေါင်း ၁၈၄ သန်းကျော်နှင့် ပဲမျိုးစုံသီးနှံများ စိုက်ဧက စုစုပေါင်း ၉.၈၁ သန်းကျော်၊ အထွက်တင်းပေါင်း ၁၅၆.၈၉ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ ထို့ပြင် နှစ်အတွင်း အသား မက်ထရစ်တန် ၁.၀၅ သန်း၊ ငါးမက်ထရစ်တန် ၅.၄ သန်း၊ နို့ကီလိုဂရမ် ၁၈.၇ သန်း၊ ဥအလုံးရေ ၂၂၈၃.၈၁ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်**

ပြည်သူများ၏ စားရေးအပြင် ဝတ်ရေးအတွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အထည်အလိပ်ကဏ္ဍတွင် အရေးကြီးသည့် “ဝါ” ကိုအဓိကသီးနှံအဖြစ် မြှင့်တင်ဆောင်ရွက်ရန်နှင့် စက်မှုကဏ္ဍကုန်ချောထုတ်လုပ်မှုလုပ်ငန်းများ ခေတ်မီတိုးတက်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်ကပ်ရောဂါ ကူးစက်ပြန့်ပွားသည့်ကာလတွင် သွင်းအားစု၊ သယ်ယူပို့ဆောင်စရိတ်နှင့် ထုတ်လုပ်မှုစရိတ်များ မြင့်တက်လျက်ရှိသော်လည်း နိုင်ငံအတွင်းစားသောက်ကုန်ပြတ်လပ်မှုမရှိသည့်အပြင် ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သဖြင့် စိုက်ပျိုးရေ လုံလောက်မှုရှိသည့်အတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်ဖွယ်မရှိကြောင်း ခန့်မှန်းထားပါသည်။

စားနပ်ရိက္ခာအတွက် အရေးကြီးသည့်သီးနှံများအား ဧရိယာတိုးချဲ့စိုက်ပျိုးနိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရန်နှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်ကဏ္ဍ တိုးတက်လာစေရန် ဌာန၊ သမဝါယမ၊ ကုမ္ပဏီအစီအစဉ်ဖြင့် မျိုးစေ့ထုတ်လုပ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ်မူတည်၍ ရေမြေ၊ ဒေသအလိုက် လိုက်လျောညီထွေဖြစ်မည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဆည်ရေလုံလောက်စွာမရရှိသည့်ဒေသများတွင် ဝင်ငွေရရှိစေနိုင်မည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် သက်တမ်းတို ဟင်းသီး/ရွက်များ စိုက်ပျိုးခြင်း၊ ဒေသဝမ်းစာဖူလုံရေးအစီအမံများ ချမှတ်အကောင်အထည်ဖော်ခြင်း ၊ စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများမြှင့်တင်ခြင်း စသည့်လုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများ၏ အာဟာရပြည့်ဝရေးအတွက် အသားကဏ္ဍဖွံ့ဖြိုးပြီး အသားစားသုံးမှုမြင့်မားလာစေရန်နှင့် မွေးမြူရေးလုပ်ငန်းခေတ်မီဖွံ့ဖြိုးလာစေရန်အတွက် နွား၊ ကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ ဘဲနှင့် ကြက်မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ မေထုန်မဲ့နည်းဖြင့် မျိုးမြှင့်မျိုးပွားမှုကို မြှင့်တင်ခြင်း၊ မွေးမြူရေးခြံများတွင် ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ (Good Animal Husbandry Practices – GAHP ) လိုက်နာ ကျင့်သုံးစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းပြည်ပ ဈေးကွက်ခိုင်မာစွာရရှိရန်နှင့် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ငါး၊ ပုစွန်မွေးမြူခြင်းလုပ်ငန်း၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practices–GAqP) အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးပံ့ပိုးခြင်း၊ ငါးမွေးမြူရေးသင်တန်းများ ဒေသအရောက်ပို့ချခြင်းနှင့် လိုအပ်သောသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ ငါးရောဂါဆိုင်ရာ ဓာတ်ခွဲခန်းများ တည်ထောင်ခြင်း၊ အအေးပိုင်းငါးများသားဖောက်ခြင်းနှင့် မွေးမြူရေးနည်းပညာများ ပံ့ပိုးပေးခြင်း၊ မြစ်ချောင်းများအတွင်း လှောင်အိမ်ဖြင့် ငါးမွေးမြူသည့်နည်းပညာများ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားလျက်ရှိသည့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အဓိကရိက္ခာဖြစ်သည့် စပါးသီးနှံ စိုက်ဧက ၁၇.၂၀ သန်းကျော်နှင့် အထွက်တင်းပေါင်း ၁၂၆၅ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ အဓိက ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ဧက ၇.၂၁ သန်းကျော်၊ အထွက်တင်းပေါင်း ၁၈၄ သန်းကျော်နှင့် ပဲမျိုးစုံသီးနှံများ စိုက်ဧက စုစုပေါင်း ၉.၈၁ သန်းကျော်၊ အထွက်တင်းပေါင်း ၁၅၆.၈၉ သန်းကျော်

*စာမျက်နှာ ၉ သို့*

# အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေး

"မပြောဘဲနေတာကြာလာတဲ့အခါ မစဉ်းစားဖြစ်ဖို့လည်း ပိုပြီးလွယ်လာတယ်" ဆိုတဲ့စကားရပ်အတိုင်း အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ရပ်တန့်နေ၍မဖြစ်နိုင်ပါ။ ပြောနေ၊ ဆိုနေ၊ ညှိနှိုင်းနေမှ မည်ကဲ့သို့ တိုးတက်အောင်ဆောင်ရွက်မည်ဆိုသည့် စဉ်းစားချက်၊ တွေးခေါ်ချက်များ သက်ဆိုင်ရာ အဖွဲ့အစည်းများ၌ အစဉ်အမြဲ ကိန်းအောင်းနေမည် ဖြစ်ပါသည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၈ မှ*

စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ ထို့ပြင် နှစ်အတွင်း အသား မက်ထရစ်တန် ၁.၀၅ သန်း၊ ငါးမက်ထရစ်တန် ၅.၄ သန်း၊ နို့ကီလိုဂရမ် ၁၈.၇ သန်း၊ ဥအလုံးရေ ၂၂၈၃.၈၁ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတွင်းအာဟာရချို့တဲ့မှုနှုန်း မြင့်မားနေခြင်းကို လျှော့ချရန် ရည်ရွယ်ရေးဆွဲထားသော ကဏ္ဍပေါင်းစုံပါဝင်သည့် အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ၅ နှစ်စီမံကိန်း (၂၀၁၈-၂၀၂၃) ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုများ တိုးတက်လာစေရန်နှင့် အရည်အသွေးကောင်းထုတ်ကုန်များဖြစ်စေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်မှုအရ နိုင်ငံတွင်ဆန်နှင့် စားနပ်ရိက္ခာပြည့်စုံစေသည့်အပြင် အပိုအလျှံများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်လျက်ရှိပါသည်။

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးညီညွတ်မျှတရန် လိုအပ်ပြီး အထူးသဖြင့် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှုနောက်ကျနေသေးသည့် ဒေသများဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သောက်သုံးရေ၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ဆောင်နိုင်ရန် အရင်းမပျောက်မတည်ငွေထုထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း၊ ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးကို ဌာန / အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်စေခြင်း ၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအား နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိစေရန် လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention of Biological Diversity–CBD) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများညီလာခံတွင် ချမှတ်ခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် ( ၂၀၁၅ -၂၀၂၀ ) အား ရေးဆွဲပြီး ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့(၅)ဖွဲ့ ဖွဲ့စည်းကာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အမျိုးသားဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်နှင့် မူဝါဒကို ထုတ်ပြန်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသား ဇီဝလုံခြုံမှုဆိုင်ရာ မူဘောင်ရေးဆွဲရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။

ငါးသယံဇာတ ရေရှည်တည်တံ့ရေးအတွက် ငါးမဖမ်းရ ရာသီသတ်မှတ်ခြင်း၊ တရားမဝင် ငါးဖမ်းဆီးမှုပပျောက်စေရေးအတွက် Vessel Monitoring System ဖြင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ မျိုးစိတ်တစ်ခုခြင်းအလိုက် / ငါးဖမ်းဧရိယာအလိုက် ငါးမဖမ်းရ နယ်မြေများသတ်မှတ်ခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် မဖမ်းဆီးရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းများနှင့် ငါးသယံဇာတတည်ရှိမှု အကဲဖြတ်လေ့လာဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ခင်လေးစားရပါသောမိဘပြည်သူများခင်ဗျား**

ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်မှာ " ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ အနာဂတ်၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှု ၊ အာဟာရ၊ သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဘဝ" **(Our actions are our future. Better Production, Better Nutrition, a Better Environment and a Better Life)** ဟူ၍ ဖြစ်ပါသည်။

မိဘပြည်သူအပေါင်းတို့၏ လူမှုစီးပွားဘဝနှင့် သဘာဝပတ်ဝန်းကျင် ကောင်းမွန်သာယာလှပစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ယနေ့ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်သော အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံသည့် စားနပ်ရိက္ခာဖူလုံစွာရရှိရေး၊ ဆင်းရဲချမ်းသာကွာဟမှုများ ကျဉ်းမြောင်းရေး၊ ကျေးလက်ဒေသ စည်ပင်သာယာဖွံ့ဖြိုးရေးလုပ်ငန်းများသည် ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်နှင့်ထပ်တူကျလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူအပေါင်း၏ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်မှုနှင့် အတူဆက်လက်၍ ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အဓိဋ္ဌာန်ပြုပါကြောင်း ယနေ့ကျရောက်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မိဘပြည်သူအပေါင်းတို့ထံ လေးမြတ်စွာသဝဏ်လွှာပေးပို့အပ်ပါသည်။

❍ *ကျောဖုံးမှ*

နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော အောက်ဖော်ပြပါ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များနှင့် ဆက်စပ်ပါဝင်သူ ၁၁၄ ဦးတို့အား အမှုမှပိတ်သိမ်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်-

| | | |
|---|---|---|
| (က) | AA | ၆၁ ဦး။ |
| ( ခ ) | KIA | ၂၃ ဦး။ |
| ( ဂ ) | KNU/KNLA(PC) | ၁ ဦး။ |
| (ဃ) | MNDAA | ၁ ဦး။ |
| ( င ) | RCSS/SSA | ၁၂ ဦး။ |
| ( စ) | SSPP/SSA | ၅ ဦး။ |
| (ဆ) | TNLA | ၁၁ ဦး။ |

၂။ အထက်အပိုဒ်(၁) (က)မှ (ဆ) အထိ ဖော်ပြထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းဝင်များနှင့် ဆက်စပ်ပါဝင်သူများအပေါ် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ အမှုအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**ဒုတိယဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

## ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ဂုဏ်ပြုထောက်ပံ့ငွေများ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၅**

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေးအထောက် အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

**ဂုဏ်ပြုထောက်ပံ့**

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို မြိတ်မြို့ပုလဲရတနာခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက အသီးသီး လက်ခံယူကြပြီး မြိတ်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ သန္တာမျိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၁) ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၅

**တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီအစည်းအဝေး (၁၄/၂၀၂၁)ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ စောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ ပြည်ထောင်စု ဝန်ကြီးများ ဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကိုနှင့် ဦးစောထွန်း အောင်မြင့်၊ ဒုတိယဝန်ကြီး များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်း သားရေးရာ၊ ပြည်သူ့ရေးရာစီမံ ခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ကာကွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကား ပြောကြား သည်။

ထို့နောက် တိုင်းရင်းသား ရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု နှင့် ဝန်ဆောင်မှုရေးရာကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အစည်း အဝေး အမှတ်စဉ် (၁၃/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်များ နှင့် ဆောင်ရွက်ထားရှိမှုအခြေ အနေများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် အစည်းအဝေး သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များက ကော်မတီသို့ပြည်ထောင်စု ဝန်ကြီးဌာနများမှ ပေးပို့တင်ပြ လာသည့် အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကော်မတီ ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီး ဌာနများမှ တင်ပြလာကြသည့် အမှာစာကိစ္စရပ်များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲ ရေး ကော်မတီအစည်းအဝေးသို့ ဆက်လက်တင်ပြရန်ကိစ္စရပ်များ နှင့် ကော်မတီ၏အဆုံးအဖြတ် ဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကို အတည်ပြုသည်။

ယင်းနောက် ကျန်းမာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက အစည်း အဝေးအမှတ်စဉ် (၁၃/၂၀၂၁) တွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ပို့ဆောင်ပေးမည့် အစီအစဉ်များ နှင့်ပတ်သက်၍ ဆောင်ရွက်ထား ရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် အစည်းအဝေး သို့ တက်ရောက်လာကြသူများက တိုင်းရင်းသားရေးရာ ကိစ္စရပ် များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီ ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် တိုင်းရင်းသား ရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု နှင့် ဝန်ဆောင်မှုရေးရာကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံး ချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက် သည်။

**သတင်းစဉ်**

# သံရုံးဒုတိယအကြီးအကဲသင်တန်း အမှတ်စဉ် (၂/၂၀၂၁) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၅

**နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သံရုံးဒုတိယအကြီးအကဲသင်တန်း (Course for Deputy Chief of Mission–CfDCM) အမှတ်စဉ် (၂/၂၀၂၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် Virtual Platform မှတစ်ဆင့် ကျင်းပသည်။ အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်၍ အမှာစကား ပြောကြားသည်။** (အောက်ပုံ)




အဆိုပါသင်တန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန တွင် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၆ ရက်အထိ ပထမ အဆင့်အဖြစ် လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ဒုတိယအဆင့် အဖြစ် လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာထမ်းနှင့် အလယ်အလတ်အဆင့်အရာထမ်း စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့သည်။

သင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင် မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ အဆင့်မြင့်အရာရှိများက သင်တန်း တွင် ဆွေးနွေးပို့ချခဲ့ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်၊ ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ၊ နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ နှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံ များ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေး ဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်း များ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း ၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင် ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက် ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၅၆ ဦးနှင့် အမျိုးသမီး ၆၀ စုစုပေါင်း ၁၁၆ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသ ကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခို ရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့ လူနာ အမျိုးသား ကိုးဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၁၄ ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာ ရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေး လျက်ရှိသည်။

ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ စံလင်းဖြိုး Q– Center ရှိ ကိုဗစ်– ၁၉ အတည်ပြုလူနာများ အား ကျန်းမာရေးစစ်ဆေးပေးမှု၊ စားရေး နှင့် နေရာချထားမှုအခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ကာကွယ်ဆေးထိုးပြီးသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းများဖွင့်လှစ်ပါက ပညာသင်ယူမှုအခွင့်အလမ်းများရရှိမည်

နေပြည်တော် အောက်တိုဘာ ၁၅



**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းနှင့်အတူ ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား မြို့နယ်ရှိ မင်္ဂလာဇမ္ဗူဟာ ဓမ္မဗိမာန်တော်ကြီး၌ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးနေမှု များကို ကြည့်ရှုအားပေးကြသည်။** (ယာပုံ)

ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီး က ကျောင်းသား ကျောင်းသူများ ကာကွယ်ဆေးထိုး ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို တားဆီး ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ထိုးပြီးသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက ပညာသင်ယူမှု အခွင့်အလမ်းများရရှိကြမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများ ကာကွယ် ဆေးထိုးပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာတွင် မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ သားသမီး တပည့်များ၏ ပညာရေးအခွင့်အလမ်းအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း ၊ ကျောင်းသား ကျောင်းသူများ ကာကွယ်ဆေးထိုး ရာတွင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြသည့် မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီအဖွဲ့များ၊ ပရဟိတ အဖွဲ့များ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများ အားလုံးကို ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း သို့ သွားရောက်၍ အသက် ၁၂ နှစ်နှင့်အထက် အခြေခံ ပညာအလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသား မိဘများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် အဆိုပါ အထက်တန်းကျောင်း အတွင်းရှိ ကျောင်းအားကစားကွင်း အဆင့်မြှင့်တင် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ် သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

# နေပြည်တော်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ် - ၁၉ ကာကွယ်ဆေးဆက်လက်ထိုးနှံ

နေပြည်တော် အောက်တိုဘာ ၁၅

**နိုင်ငံတော်အစိုးရက ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူခွင့်အခွင့်အလမ်းများ ရရှိစေရန်နှင့် ကာကွယ်ဆေး လွှမ်းခြုံမှု အလျင်အမြန်ရရှိလာစေရေးအတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက် ရှိသည်။**



ဒေါက်တာ နန္ဒာကျော်
ခုတင်-၁၀၀ ဆေးရုံအုပ်



မနှင်းသက်ခရေ
အထက်တန်းကျောင်းသူ

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်နေသည့် လယ်ဝေး မြို့နယ် ခုတင် - ၁၀၀ ဆေးရုံအုပ် ဒေါက်တာနန္ဒာကျော်က“လယ်ဝေး မြို့နယ်အတွင်း ကျောင်းပေါင်း ၁၄၄ ကျောင်းမှာရှိတဲ့ အသက် ၁၂ နှစ်နဲ့အထက် အလယ်တန်း နဲ့ အထက်တန်းကျောင်းသား ကျောင်းသူ အားလုံးပေါင်း ၂၁၄၉၈ ဦး ရှိပါတယ်။ သူတို့ကို ကာကွယ် ဆေး ပထမအကြိမ်အနေနဲ့ အောက်တိုဘာ ၁၂ ရက်ကနေ နိုဝင်ဘာ ၈ ရက်နေ့အထိ ထိုးပေး မှာဖြစ်တယ်။ မြို့နယ်အတွင်းမှာ ဆေးထိုးစုရပ်အဖြစ် အ.ထ.က (၁)၊ အေလာတိုက်နယ်ဆေးရုံ၊ သာဝတ္ထိ တိုက်နယ်ဆေးရုံ၊ အ.ထ.က(သပြေပင်)၊ အ.ထ.က (ကံသာ) စတဲ့ ဆေးထိုးစုရပ် ငါးနေရာမှာ ထိုးနှံပေးနေပါ တယ်”ဟု ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေ အတွင်း မြို့နယ်များအလိုက် ဆေးထိုးနှံရန် သတ်မှတ်ထား သည့် စုရပ်နေရာများ၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နေ့ရက် အလိုက် သတ်မှတ်ထားသည့် လူဦးရေစာရင်းအပြင် အကြောင်း အမျိုးမျိုးကြောင့် ကာကွယ်ဆေး ထိုးရန် ကျန်ရှိနေသည့် ပြည်သူ များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယင်းတို့၏ မှီခိုမိသားစုဝင်များ ကိုလည်း ကျန်းမာရေးဝန်ထမ်း များက ကိုဗစ် - ၁၉ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ကာကွယ် ဆေးထိုးနှံပေးလျက်ရှိသည်။

“ပထမအကြိမ် အောက်တို ဘာ ၁၂ ကနေ ၁၄ ရက်အထိ စုရပ် တစ်နေရာစီမှာ တစ်ရက်ကို ကျောင်းသားဦးရေ ၁၀၀ ထိုးနှံ ပြီးပါပြီ။ ကာကွယ်ဆေးထိုးနှံပေး ပြီးတဲ့ သုံးရက်နဲ့ ဒီနေ့ဆက်လက် ထိုးတဲ့အချိန်ထိ ဘေးထွက် ဆိုးကျိုးမတွေ့ရဘူး။ နံနက်ပိုင်း ဆေးလာထိုးရတာဆိုတော့ နံနက် စာ မစားခဲ့လို့ သာမန် ခေါင်းမူး တဲ့ ကျောင်းသားအချို့ပဲ တွေ့ တယ်။ ပြင်းထန်တဲ့ လက္ခဏာ တွေကိုတော့ မတွေ့ရပါဘူး။ ဒီနေ့ အ.ထ.က(၁)မှာတော့ ကျောင်းသား ဦးရေ ၃၀၀ ကျော် ထိုးပေးမယ်။ ကျန်တဲ့ဆေးထိုးစုရပ် လေးခု မှာတော့ ကျောင်းသားဦးရေ ၂၀၀ ထိုးပေးမှာပါ”ဟု ဒေါက်တာ နန္ဒာကျော်က ပြောသည်။

ကာကွယ်ဆေးထိုးမည့် စုရပ် နေရာများ၌လည်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ဆေးဘေစင်များထားရှိ၍ လက်ဆေးစေခြင်း၊ Mask နှင့် Face Shield များ ဝတ်ခြင်း၊ ဆေးထိုးရန် လာရောက်သည့် ကျောင်းသား ကျောင်းသူများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာခြင်း၊ သွေးထဲတွင်ရှိသည့် အောက်ဆီ ဂျင်ပမာဏ တိုင်းတာခြင်းတို့ကို ဦးစွာဆောင်ရွက်ပြီး ယင်းလုပ်ငန်း စဉ်များ ပုံမှန်ဖြစ်မှသာ ကာကွယ် ဆေးထိုးနှံပေးခြင်းဖြစ်ကာ အရေး ပေါ် ကျန်းမာရေးစောင့်ရှောက်မှု များလိုအပ်ပါက သမားတော်အဖွဲ့ ဖြင့် ကုသပေးနိုင်ရန် စီစဉ်ထား ကြောင်း သိရသည်။

“ဆေးထိုးစုရပ်တစ်ခုဆီတိုင်း မှာ Medical Team ရှိပါတယ်။ Medical Teamကလည်း ကာကွယ် ဆေးကြောင့် နောက်ဆက်တွဲ ပြဿနာဖြစ်ခဲ့ရင် ဖြေရှင်းဖို့ အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့် နေပါတယ်။ တပ်မတော်ဆေး အဖွဲ့ကလည်း ကာကွယ်ဆေး ထိုးနှံတဲ့ လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်ကူညီပေးပါတယ်။ အခုထိုးပေးနေတဲ့ ကာကွယ်ဆေး ကတော့ တရုတ်နိုင်ငံထုတ် Sinovac အမျိုးအစားဖြစ်ပြီး ဆေးတစ်လုံးကို နှစ်ဦးထိုးရတဲ့ ဆေးပါ။ တရုတ်နိုင်ငံမှာတော့ အသက် သုံးနှစ်ကနေ ၁၇ နှစ်အထိ ကျောင်းသားတွေကို ဆေးထိုးပြီး စမ်းသပ်ထားတဲ့ သုတေသနတွေ လည်းရှိတယ်။ ချီလီ၊ ကမ္ဘော ဒီးယားနဲ့ တရုတ်နိုင်ငံမှာလည်း ဒီဆေးကို ထိုးပေးနေတယ်” ဟု ၎င်းက ပြောသည်။

ကိုဗစ် - ၁၉ ကာကွယ်ဆေး မထိုးမီ အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူ များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်း သူများအား ကာကွယ်ဆေးထိုးနှံ ပေးမှုနှင့် ပတ်သက်၍ ကြိုတင် အသိပညာပေးခြင်းများ ဆောင် ရွက်ပြီး မိဘအုပ်ထိန်းသူများ၏ သဘောတူညီချက် လက်မှတ် ရရှိမှသာ ကာကွယ်ဆေးကို ထိုးနှံ ပေးခြင်းဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေး လာရောက် ထိုးနှံကြသည့် ကျောင်းသား ကျောင်းသူများအားကာကွယ်ဆေး ထိုးနှံပြီး နောက်ဆက်တွဲပြဿနာ၊ အန္တရာယ် တစ်စုံတစ်ရာ ရှိ မရှိ သိရှိနိုင်ရန် နာရီဝက်စောင့်ကြည့် ပြီးမှသာ ပြန်လည်ထွက်ခွာခွင့်ပြု ကြောင်းနှင့် ဆေးထိုးပြီး ၂၄ နာရီ အတွင်း တစ်စုံတစ်ရာ ထူးခြားမှု ရှိပါက ချက်ချင်းသတင်းပေးပို့ အကြောင်းကြားနိုင်ရန် ဆောင် ရွက်ထားကြောင်း သိရသည်။

“ကာကွယ်ဆေးထိုးထားတဲ့ အားသာချက်ကတော့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရရင်လည်း ပြင်းထန်တဲ့ ရောဂါလက္ခဏာကို မခံစားရပါဘူး။ အသက်သေဆုံး နိုင်ခြေနည်းပါတယ်။ ကာကွယ် ဆေးလာရောက်ထိုးဖို့ မကြောက် ကြပါနဲ့။ လာရောက်ထိုးနှံကြတဲ့ ကျောင်းသား ကျောင်းသူတွေကို ဆေးအဖွဲ့က ကျန်းမာရေးစစ်ဆေး မှု အပြည့်အဝလုပ်ဆောင်ပြီးမှ ဆေးထိုးဖို့ပုံမှန်အနေအထားရှိမှ သာ ဆေးထိုးဖို့မှတ်ချက်ပေးပြီး ဆေးထိုးပေးတာ ဖြစ်တဲ့အတွက် ကာကွယ်ဆေး မထိုးရသေးတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ မိဘနဲ့ အုပ်ထိန်းသူတွေကိုလည်း ဆေးလာရောက်ထိုးနှံဖို့ ပူးပေါင်း ပါဝင်ပေးကြပါလို့ တိုက်တွန်းလို ပါတယ်” ဟု ၎င်းက ဆက်လက် ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံသည့် နေရာများတွင် ကျန်းမာရေးဝန်ကြီး ဌာနက ထုတ်ပြန်ထားသည့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘ အုပ်ထိန်းသူများ သိရှိလိုက်နာရ မည့်အချက်များ၊ ပညာပေးဗီနိုင်း ဆိုင်းဘုတ်များကို ကာကွယ် ဆေး လာရောက်ထိုးနှံကြသူများ မြင်သာသည့် နေရာများတွင် ချိတ်ဆွဲ ကြေညာထားသည်ကို လည်း တွေ့ရသည်။

ကာကွယ်ဆေး လာရောက် ထိုးနှံသည့် ပုဗ္ဗသီရိမြို့နယ် အထက်တန်းကျောင်းသူ မနှင်း သက်ခရေက “သမီးက ၉ တန်း တက်နေတာပါ။ ဆေးထိုးဖို့ အတွက် ကျောင်းက ဆရာမက ဖုန်းဆက်ပါတယ်။ ဆေးအဖွဲ့က ဆေးမထိုးခင်သမီးတို့ကို ကာကွယ် ဆေးထိုးသင့်၊ မသင့် ကျန်းမာရေး စစ်ဆေးပေးပါတယ်။ ဆေးထိုးတဲ့ အခါ နည်းနည်းနာတာလောက်ပဲ ခံစားရတယ်။ ကျန်တာတော့ ဘာမှမခံစားရဘူး။ အခုလို ဆေးထိုးပေးတဲ့အတွက် ဆရာ ဆရာမတွေနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကာကွယ် ဆေးထိုးနှံပြီး ကျောင်းပြန်တက် ရတော့မယ်ဆိုတော့ ဆရာ ဆရာမတွေနဲ့ ပညာသင်ကြားခွင့် ရပြီး ကျောင်းက သူငယ်ချင်း တွေ ပြန်ဆုံရတော့မယ်ဆိုတော့ ဝမ်းသာပါတယ်။ ဆေးမထိုးရ သေးတဲ့ ကျောင်းသား ကျောင်းသူ တွေကိုလည်း ကာကွယ်ဆေး လာရောက်ထိုးနှံကြပါလို့ ပြောချင် ပါတယ်” ဟု ပြောသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံကြမည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် သွားလာနိုင်စေ ရန် School Bus များ စီစဉ်ပေး ထားပြီး ဆေးထိုးစုရပ် ကျောင်း ပတ်ဝန်းကျင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ် တပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ များက လုံခြုံရေးဆောင်ရွက်ပေး သည်ကို တွေ့ရသည်။ **ဟိန်းမင်း**

**ဓာတ်ပုံ-ကိုကိုထိန်**

# တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်ကို ပုဒ်မ - ၁၄၄ ထုတ်ပြန်တားဆီးခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

**တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်ကို ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ပုဒ်မ- ၁၄၄ ထုတ်ပြန်တားဆီးခြင်းနှင့် ပတ်သက်၍ လက်ရှိလူမှုကွန်ရက်မီဒီယာများတွင် သတင်းများ ရေးသားဖော်ပြနေမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုကဲ့သို့ ဖြေကြားထားသည်-**




"ဒီတရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်နဲ့ ပတ်သက်ပြီး ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ-၁၄၄ အရ ပျဉ်းမနားမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက အမိန့်ထုတ်ပြန်ပြီးတော့ ကန့်သတ်လိုက်တာ မှန်ပါတယ်။ အမိန့်ကကတော့ ကန့်သတ်လိုက်တဲ့ စာထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ နှစ်ချက်ရှိပါတယ်။ နံပါတ်တစ်အချက်ကတော့ သူ့အနေနဲ့ က ပြည်တွင်း၊ ပြည်ပသတင်းဌာနတွေ၊ တရားမဝင် ထုတ်လွှင့်တဲ့ သတင်းဌာနတွေ၊ ဒါက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးပျက်ပြားစေတဲ့ သတင်းအမှားတွေ၊ လှုံ့ဆော်မှုတွေ ပြုလုပ်လျက်ရှိတယ်။ အဲဒီသတင်းဌာနတွေနဲ့ ဆက်သွယ်ပြီးတော့မှ သက်သေများရဲ့ ရုံးရှေ့ထွက်ဆိုချက်တွေကို ထုတ်ပြန် ပြောဆိုလျက်ရှိတယ်။ ဒါကြောင့်မို့ ပိတ်ပင်ရခြင်းဖြစ်တယ်။ အဲဒီလို ထုတ်ပြန်ပြောဆိုတဲ့နေရာမှာ ဘာတွေဖြစ်သလဲဆိုတော့ ဦးခင်မောင်ဇော်ရဲ့ ဆက်သွယ်ပြောဆိုချက်တွေက တရားဥပဒေနဲ့အညီ ဆောင်ရွက်ရတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို နှောင့်ယှက်မှု(သို့မဟုတ်) ထိခိုက်နာကျင်ဆုံးရှုံးမှု၊ အများပြည်သူတို့ရဲ့ ငြိမ်ဝပ်မှု၊ ရုန်းရင်းဆန်ခတ်ဖြစ်စေမှုတွေကို ဖြစ်ပေါ်စေတဲ့အတွက် ဒါကို ပုဒ်မ-၁၄၄ အရ တားဆီးရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်အနေနဲ့ ပြည်တွင်း၊ ပြည်ပ မီဒီယာတွေ ၊ အခြားပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနဲ့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းနဲ့ ဆက်သွယ်ခြင်း၊ တွေ့ဆုံခြင်း၊ ပြောဆိုခြင်း မပြုလုပ်ရန်ဆိုပြီး အဲဒီပုဒ်မ-၁၄၄ အရ တားဆီးခဲ့ခြင်း ဖြစ်ပါတယ်။ ရည်ရွယ်ချက်က ဘာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံက ခုချိန်မှာ တည်ငြိမ်အေးချမ်းရေး လိုအပ်လျက်ရှိတယ်။ တည်ငြိမ်အေးချမ်းရေး လိုအပ်လျက်ရှိတဲ့အခါမှာ သူပြောဆိုနေတဲ့ စကားတွေသည် မှန်ခြင်းမှားခြင်းကို မဝေဖန်ပါဘူး။ ကျွန်တော် မနေ့ကလည်း သတင်းမီဒီယာ တော်တော်များများနဲ့ပြောခဲ့တယ်။ သူပြောတဲ့ စကားနဲ့ပတ်သက်ပြီး မှန်ခြင်းမှားခြင်း မဝေဖန်ဘူး။ သက်သေအထောက်အထားတွေ ရှိပြီးဖြစ်တယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဟုတ်တယ်၊ မဟုတ်ဘူး အဆက်အစပ်တွေ သိလာလိမ့်မယ်။ သို့သော် ခုချိန်မှာတော့ ဒီစကားတွေသည် နိုင်ငံတော်မှာ အဓိကလိုအပ်နေတဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်တဲ့အတွက် ပုဒ်မ-၁၄၄ အရ ကျွန်တော်တို့ တားမြစ်လိုက်ခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာပြောဆိုခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသောကြောင့် ယခုကဲ့သို့ ပုဒ်မ - ၁၄၄ ထုတ်ပြန်ကန့်သတ်လိုက်ခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန့်ကျင်နေသည်ဟု အချို့ မီဒီယာများနှင့် အဖွဲ့များက ဝေဖန်မှုများရှိနေခြင်းနှင့် ပတ်သက်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ယခုလို ဆက်လက်ဖြေကြားခဲ့သည်-

"မှန်ပါတယ်။ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးနဲ့ တာဝန်မှာတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၅၄ အရ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူလူထုရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနဲ့ မဆန့်ကျင်ရင် အကျဉ်းချုပ်အနေနဲ့ ပြောရရင် (က) လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရှိတယ်၊ (ခ) လှည့်လည်စီတန်းခွင့်၊ ဆန္ဒပြခွင့်ရှိတယ်၊ (ဂ) အဖွဲ့အစည်းတွေ ဖွဲ့စည်းခွင့်ရှိတယ်၊ (ဃ) စာပေနဲ့ ယဉ်ကျေးမှုလုပ်ငန်းတွေ လုပ်ဆောင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သို့သော် ဒီနေရာမှာ ကျွန်တော်တို့ သတိထားရမှာက အဲဒီ ဥပဒေပုဒ်မ ထဲမှာကိုပါပြီးသား၊ နိုင်ငံသားတိုင်းဟာ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး(သို့မဟုတ်)ပြည်သူလူထုရဲ့ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနဲ့ မဆန့်ကျင်ရင်လို့ ပြောပါတယ်။ ခုနက သူတို့ပြောတဲ့ စကားတွေသည် တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုလား၊ မပြုလားဆိုတာကို သုံးသပ်လို့ရပါတယ်။ တည်ငြိမ်အေးချမ်းရေးကို ပိုပြီးဆိုးစေမလား ဆိုတဲ့ဟာကို သုံးသပ်လို့ရပါတယ်။ ဒါကတော့ ဥပဒေအကြောင်းအခြင်းအရာအရ တစ်ရပ်ပေါ့။ နောက်တစ်ခုကတော့ အခြေခံဥပဒေမှာ ခုအချိန်က တပ်မတော်က နိုင်ငံတော်ကိုနိုင်ငံရေးအရ အရေးပေါ် အခြေအနေကြေညာပြီးတော့မှ နိုင်ငံတော် တာဝန်ကို ရယူထားတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ လိုက်နာရမယ့် ဟာတွေ ရှိပါတယ်။ ဒီ ပုဒ်မ-၃၈၁ အရဆိုရင် ကျွန်တော်တို့က နိုင်ငံသားများရဲ့ တရားဝင်ရပိုင်ခွင့်နဲ့ နစ်နာချက်များကို ဥပဒေနဲ့သတ်မှတ်ထားတဲ့ ရယူပိုင်ခွင့်သည် ကန့်သတ်လို့ရတာတွေ ရှိတယ်။ အဲဒါတွေက ဘယ်အချိန်လဲဆိုတော့ တိုင်းတစ်ပါး ကျူးကျော်တဲ့အချိန်၊ ဆူပူသောင်းကျန်းမှု ဖြစ်နေတဲ့အချိန်၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်မှာ မူလအခွင့်အရေးနဲ့တာဝန်များကို ကန့်သတ်ခွင့်ရှိတယ်။ ဒါ့အပြင် ပုဒ်မ-၄၂၀ အရတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ အရေးပေါ်အခြေအနေ ကြေညာထားစဉ်မှာ လိုအပ်တဲ့ ရေမြေဒေသအတွင်းမှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးတစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ၊ လိုသလို ကန့်သတ်ရပ်ဆိုင်းနိုင်တယ်လို့ ပါရှိပါတယ်။ အခြေခံဥပဒေအရ ကျွန်တော်ကပြောခြင်းဖြစ်တယ်။ ပြီးရင်တော့ အခု ကျွန်တော်တို့ထုတ်ပြန်လိုက်တဲ့ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ-၁၄၄ အရပြောမယ်ဆိုရင် ပုဒ်မ-၁၄၄(၁) မှာ ပါပြီးသားဖြစ်ပါတယ်။ ဒါကတော့ သူ့ရဲ့ကန့်သတ်တဲ့စာထဲမှာလည်းပါတယ်။ တရားသဖြင့်လုပ်ကိုင်ရသူတစ်ဦးဦးကို နှောင့်ယှက်ထိခိုက်စေတဲ့အရာကို ဖြစ်စေ၊ ဟန့်တားနှောင့်ယှက်ခြင်းဖြစ်သည်ကို စိုးရိမ်ရန်ရှိသည့်အရာကိုဖြစ်တယ်။ လူ့အသက်ကျန်းမာမှု သို့မဟုတ် လုံခြုံမှုကိုထိခိုက်စေနိုင်သည့် လက္ခဏာ အရာကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက်သည့်အရာကို ဖြစ်စေ၊ ရုန်းရင်းဆန်ခတ်မှုဖြစ်စေနိုင်တာဖြစ်စေ၊ ဒါတွေနဲ့ ကန့်သတ်လို့ရပါတယ်။ ပုဒ်မ-၁၄၄(၃)အရပဲ ဒီပုဒ်မအမိန့်ကို လူတစ်ဦးတစ်ယောက်တည်းသို့ဖြစ်စေ၊ အများပြည်သူသို့ဖြစ်စေ ချအပ်ခွင့်ရှိသည်လို့ ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သူ့ရဲ့ ပြောဆိုတဲ့အကြောင်းအရာတွေသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်တဲ့ အတွက်ကြောင့် ပုဒ်မ-၁၄၄(၃) အရ လူတစ်ဦးတစ်ယောက်တည်းသို့ ကန့်သတ်ချမှတ်ရခြင်းဖြစ်ပါတယ်"

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ဖြည့်စွက်ပြောကြားရာတွင်-

"အမှုတွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော် အတိုင်ပင်ခံဟောင်းနဲ့ သမ္မတဟောင်းရဲ့ အမှုတွေနဲ့ ပတ်သက်ပြီး တည်ဆဲဥပဒေအရ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ဥပဒေကို ကျော်လွန်ပြီး ကျွန်တော်တို့ ဆောင်ရွက်နေတာ မရှိဘူး။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ တချို့ သူတို့ရှေ့နေတွေရဲ့ ပြောစကားတွေသည် ခုနက ကျွန်တော်ပြောတဲ့ဟာတွေနဲ့ ညီညွတ်ဖို့ လိုပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်တဲ့ လှုံ့ဆော်မှုမျိုးတွေအဖြစ် အသွင်ပြောင်းသွားလို့မရပါဘူး။ ကျွန်တော်တို့က အဲဒီလိုမျိုး ဥပဒေအရ ဆောင်ရွက်တဲ့နေရာမှာ ဒီလိုမျိုးကန့်သတ်ချက်တွေ၊ ဦးခင်မောင်ဇော်ကို ကျွန်တော်တို့ ကန့်သတ်တယ်။ ကန့်သတ်တဲ့နေရာမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ နှစ်မျိုးစဉ်းစားတယ်။ နံပါတ်တစ် အရတော့ ဥပဒေအရညီညွတ်မှု ရှိ/မရှိ။ နံပါတ်နှစ် အရတော့ ဆင်ခြင်တုံတရားအရ တရားမျှတမှုရှိ/မရှိ ကျွန်တော်တို့ စဉ်းစားတယ်။ ဥပဒေအရညီညွတ်မှု ရှိ/မရှိတော့ ကျွန်တော်ပြောပြီးပြီ။ အခြေခံဥပဒေအရရော၊ ရာဇဝတ်ကျင့်ထုံး ဥပဒေအရရော ညီညွတ်မှုရှိလို့၊ ဒါတွေကို ကိုးကားပြီး ကျွန်တော်တို့ထုတ်တာ။ ဆင်ခြင်တုံသဘောတရားအရဆိုတာ ဘာလဲဆိုတော့ အခုအချိန် ဒီနိုင်ငံမှာ ကျွန်တော်တို့ ဘာတွေ ဖြစ်နေသလဲ၊ ဘာတွေလိုအပ်နေသလဲ။ ပြောလိုက်တဲ့ စကားတွေသည် ဒါတွေကို အထောက်အကူပြုသလား၊ တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုသလား၊ ပိုပြီးဆိုးစေသလား။ ဆင်ခြင်တုံ သဘောတရားအရတော့ အားလုံးတွေးကြည့်ရင် သိနိုင်တယ်၊ လူတိုင်းတွေးကြည့်ရင်သိနိုင်တယ်။ ဒီဟာတွေသည် အကျိုးမဖြစ်ထွန်းနိုင်မှန်း သိနိုင်တယ်။ သိနိုင်တဲ့အတွက်ကြောင့် ဒီကန့်သတ်ချက်ကို ဆောင်ရွက်ရခြင်း ဖြစ်တယ်လို့ပဲ ပြောချင်ပါတယ်" ဟု ပြောကြားသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ် ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်း များနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုး ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ၂၉၁၈ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ၁၄၈၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တို့၌ ၄၃၈၀၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ၅၆၃၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ၅၉၆၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌ ၃၂၁၀၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ၅၀၆၀၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၌ ၄၅၀၀၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ၅၄၂၄၈ ဦးနှင့် ပဲခူးတိုင်း ဒေသကြီး ထန်းတပင်မြို့နှင့် ပေါင်းတည်မြို့တို့၌ ၁၀၂၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ် -၁၉ ကာကွယ်ဆေး ပြည်ပသို့ တင်ပို့မှု အိန္ဒိယပြန်လည်စတင်

နယူးဒေလီ အောက်တိုဘာ ၁၅

**အိန္ဒိယနိုင်ငံသည် ကိုဗစ် -၁၉ ကာကွယ်ဆေး ပြည်ပသို့တင်ပို့မှုကို ရပ်နားထားရာ ခြောက်လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကာကွယ်ဆေးများ ပြည်ပသို့ပြန်လည်တင်ပို့မှု စတင်ခဲ့ကြောင်း သိရသည်။**

အိန္ဒိယနိုင်ငံအတွင်း ကိုဗစ် -၁၉ ကူးစက်မှုများ အဆမတန်များပြားလာသည့်အတွက် ပြည်ပသို့ ကာကွယ်ဆေးတင်ပို့မှုကို ရပ်နားထားခဲ့ရသည်။ အောက်တိုဘာ ၁၄ ရက်မှ စတင်ကာ ပြည်ပသို့ ကာကွယ်ဆေးတင်ပို့မှုကို ပြန်လည်စတင်လိုက်ကြောင်း ပြည်ပရေးရာကိစ္စရပ်များ ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များကို ပြောသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကာကွယ်ဆေး အကြီးဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး အနီးအနားရှိ နိုင်ငံများသို့ ကာကွယ်ဆေး ဖြန့်ဖြူးပေးသည်။

ဧပြီလအတွင်း ပြည်တွင်း၌ ကူးစက်မှုများ အဆမတန် များပြားလာသည့်အတွက် ပြည်ပသို့ ကာကွယ်ဆေးတင်ပို့မှုကို ရပ်နားလိုက်ရသည်။

အိန္ဒိယနိုင်ငံ၌ မေလအတွင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၄၀၀၀၀၀ ကျော်အထိ ရှိလာခဲ့သည်။

ယင်းနောက် နေ့စဉ်ကူးစက်မှုမှာ တဖြည်းဖြည်း ကျဆင်းလာခဲ့သည်။ ကူးစက်မှုများ ကျဆင်းလာသည့်အတွက် တိုင်းပြည်အတွင်း စီးပွားရေး လှုပ်ရှားမှုများ ပြန်လည်လုပ်ဆောင်လာနိုင်ခဲ့သည်။ ကာကွယ်ဆေးများ ထောက်ပံ့ပေးခြင်းဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ် -၁၉ ကူးစက်မှု ထိန်းချုပ်နိုင်ရေးလုပ်ဆောင်မှုတွင် အိန္ဒိယနိုင်ငံမှ ပါဝင်သွားမည်ဟုလည်း ဆက်လက်ပြောကြားခဲ့သည်။



ပူနာမြို့ ဆီရမ်အင်စတီကျူတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများထုပ်ပိုးနေသည့် ဝန်ထမ်းများကို တွေ့ရစဉ်။

**အင်န်အိတ်ချ်ကေ**

# ဘေရွတ်မြို့ ပေါက်ကွဲမှုစုံစမ်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ ကြောက်မက်ဖွယ်အချင်းများမှုဖြစ်ပေါ်

ဘေရွတ် အောက်တိုဘာ ၁၅

ပြီးခဲ့သည့် နှစ်အတွင်းက လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ပေါက်ကွဲမှုကြီး ဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ပေါက်ကွဲမှုကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ယင်းအခြင်းအရာနှင့် ပတ်သက်ပြီး တင်းမာမှုများ ပေါ်ပေါက်ခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး လက်ဘနွန်နိုင်ငံတွင် လူခြောက်ဦး ထက်မနည်း ပစ်သတ်ခံခဲ့ရသည်ဟု သိရသည်။ လူအချို့ ဒဏ်ရာရရှိခဲ့သည်။ အောက်တိုဘာ ၁၄ ရက်က ဘေရွတ်မြို့ လမ်းမထက်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

ပေါက်ကွဲမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည့် အရာရှိများကို ဖြုတ်ပစ်ရန် တောင်းဆိုမှုအတွက် လူများ စုဝေးခဲ့ရာ ယင်းသို့ ပစ်ခတ်မှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာနှင့် ရှီယိုက် မဟာမိတ်များက ဆော်ဒီအာရေဗျနှင့် နီးကပ်သော ဆက်ဆံရေးရှိသည့် လက်ဘနွန်အင်အားစုသည် ၎င်းတို့ကို ထောက်ခံသူများအား ပစ်မှတ်ထားခဲ့သည်ဟု စွပ်စွဲခဲ့ကြသည်။ လက်ဘနွန်တပ်ဖွဲ့ကမူ သေနတ်သမားကို လိုက်လံရှာဖွေလျက်ရှိသည်။

လက်ဘနွန် ဝန်ကြီးချုပ် နာဂျစ်ပကာတီကမူ အဆိုပါအကြမ်းဖက်မှုကို တိုင်းပြည်အတွက် ဆုတ်ယုတ်မှုတစ်ခုဟု ပြောကြားခဲ့သည်။ တိုင်းပြည်မှာ ခက်ခဲသည့် ကာလအတွင်း ဖြတ်ကျော်နေကြောင်းနှင့် ပြန်လည်နာလန်မထူနိုင်သေးမီ ကျော်ဖြတ်ရမည့် အဆင့်များရှိကြောင်း ပြောသည်။

ပြီးခဲ့သည့် နှစ်အတွင်း ဘေရွတ်မြို့တွင် ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် လူပေါင်း ၂၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ၆၅၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါပေါက်ကွဲမှုနှင့် ကိုဗစ်-၁၉ ကူးစက်မှု အခြေအနေများကြောင့် တိုင်းပြည်၏စီးပွားရေး အကျပ်အတည်းကို ဖြေရှင်းရာတွင် အခက်တွေ့စေခဲ့သည်။



ဒဏ်ရာရရှိသူကို ကူညီပေးနေကြသူများအား တွေ့ရစဉ်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကာကွယ်ဆေးအပြည့် ထိုးပြီးသည့် နိုင်ငံခြားခရီးသွားများအတွက် အသွားအလာကန့်သတ်စောင့်ကြည့်မှု ဖယ်ရှားပေး

မနီလာ အောက်တိုဘာ ၁၅

တရုတ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်မှ ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်မည့် ကာကွယ်ဆေးအပြည့်ထိုးပြီးသား ခရီးသွားများအတွက် အသွားအလာစောင့်ကြည့်ကန့်သတ်မှုကို ဖယ်ရှားပေးမည်ဟု ဖိလစ်ပိုင်သမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရို့က အောက်တိုဘာ ၁၅ ရက်တွင် ပြောသည်။

တရုတ်နိုင်ငံနှင့် ကူးစက်မှုနည်းပါးသည့်နိုင်ငံများမှ လာမည့် ခရီးသွားများအတွက် အသစ်ထုတ်ပြန်လိုက်သည့် စည်းမျဉ်းမှာ အောက်တိုဘာ ၁၆ ရက်မှစ၍ စတင်အသက်ဝင်လာမည် ဖြစ်သည်။ ကာကွယ်ဆေးအပြည့်ထိုးပြီးသား နိုင်ငံသားများအတွက် နိုင်ငံအတွင်းမှ မထွက်ခွာမီ ၇၂ နာရီအတွင်း ကိုဗစ် – ၁၉ ကင်းစင်ကြောင်း ဆေးစစ်ချက်ရယူရမည်ဖြစ်သည်။

ပြည်ပမှ ဝင်ရောက်လာမည့်ခရီးသွားများအတွက် အသွားအလာ စောင့်ကြည့်ကန့်သတ်မှုစင်တာတွင် ကာလရှည်ကြာနေထိုင်ရန် မလိုအပ်တော့ပေ။ သို့သော်လည်း ခရီးသွားများအနေဖြင့် ၁၄ ရက်တာကာလအတွင်း မည်သည့်ရောဂါလက္ခဏာများပြသည်ကို သတိထား၍ စောင့်ကြည့်ရန် တိုက်တွန်းထားသည်။

၂၀၂၀ ပြည့်နှစ် မတ်လအတွင်း အစိုးရက အသွားအလာကန့်သတ်မှု ချမှတ်ပြီးနောက် နယ်စပ်ထိန်းချုပ်မှု အစိတ်အပိုင်းအဖြစ် နိုင်ငံခြားခရီးသွားများ ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ကို ပိတ်ထားခဲ့သည်။

**ဆင်ဟွာ**

# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၅၀၆၆ ထပ်မံတွေ့ရှိ

**လန်ဒန် အောက်တိုဘာ ၁၅**

ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၄၅၀၆၆ ဦး ထပ်မံတွေ့ရှိခဲ့ရာ တိုင်းပြည်အတွင်း စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၈၃၁၇၄၃၉ ဦးအထိ ရှိလာခဲ့သည်ဟု အောက်တိုဘာ ၁၄ ရက်တွင် တရားဝင် သတင်းထုတ်ပြန်သည်။

ဇူလိုင်လလယ်မှ စတင်ကာ နေ့စဉ်ကူးစက်မှု အမြင့်ဆုံးပမာဏလည်း ဖြစ်သည်။ ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၁၅၇ ဦး တိုးလာရာ သေဆုံးသူ စုစုပေါင်းမှာလည်း ၁၃၈၂၃၇ ဦးဖြစ်လာသည်။

လက်ရှိဆေးရုံတွင် ကုသမှုခံယူနေသူ ၇၀၂၄ ဦး ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ယီမင်၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း ပိုမိုဆိုးရွားလာ

**ဂျီနီဗာ အောက်တိုဘာ ၁၅**

ယီမင်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများမှာ ဆက်လက်ဆိုးရွားနေပြီး လူပေါင်းသန်း ၂၀ နီးပါး လူဦးရေ၏ သုံးပုံနှစ်ပုံခန့်မှာ အကူအညီအထောက်အပံ့များ လိုအပ်လျက်ရှိသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ဒုတိယအထွေထွေအတွင်းရေးမှူး ရမ်မက်ရှ်ရာဂျစ်ဆင်ဂန်က အောက်တိုဘာ ၁၄ရက်တွင် ပြောသည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများမှာ ပိုမိုဆိုးရွားလာစေခဲ့သည်ဟုလည်း သိရသည်။ မကြာသေးမီ သီတင်းပတ်များအတွင်း ပဋိပက္ခများမှာ ပိုမိုပြင်းထန်လာခဲ့သည်။ ယီမင်နိုင်ငံ၏ စီးပွားရေးအခြေအနေမှာလည်း ပြိုလဲလျက်ရှိသည်။ လူပေါင်းသန်းနှင့်ချီ ၍ ဆင်းရဲမွဲတေမှုနှင့် ကြုံတွေ့စေခဲ့သည်။

စီးပွားရေးပြိုလဲမှုမှာ စစ်ပွဲ၏ ရလဒ်ဖြစ်သည့်ဟုလည်း ၎င်းက ဆက်ပြောသည်။ အကြမ်းဖက်မှုများအောက် နစ်မြုပ်နေသည့်အတွက် မိမိကိုယ်ကိုယ် ဂရုစိုက်နိုင်စွမ်းကင်းမဲ့ကာ သန်းနှင့်ချီသည့် ယီမင်များမှာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများ၏ အကူအညီကို ရှာဖွေနေရသည်။ သို့သော်လည်း ယီမင်နိုင်ငံတွင် အကူအညီပေးရေး လုပ်ငန်းများမှာ ပိုမိုခက်ခဲလာခဲ့သည်။ အကူအညီပေးရေးအေဂျင်စီများတွင် ပိုက်ဆံပြတ်တောက်လာသဖြင့် အခြေအနေများ ပိုမိုခက်ခဲလာသည်။

**ဆင်ဟွာ**

# လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို စိုးရိမ်သောကြောင့် ကန့်သတ်ပိတ်ဆို့မှုကာလ သက်တမ်းတိုးမြှင့်

**ဗီယန်ကျင်း အောက်တိုဘာ ၁၅**

လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာသောကြောင့် အစိုးရသည် ချမှတ်ထားသော ကန့်သတ်ပိတ်ဆို့မှု ကာလကို နောက်ထပ် ၁၅ ရက်အထိ တိုးမြှင့်ချမှတ်ရန် အောက်တိုဘာ ၁၅ ရက်က ဆုံးဖြတ်လိုက်သည်။

လာအိုနိုင်ငံသားများနှင့် လာအိုနိုင်ငံတွင်နေထိုင်သော နိုင်ငံခြားသားများ ကိုဗစ်-၁၉ ကပ်ရောဂါရန်မှ အန္တရာယ်ကင်းကင်းနှင့် နေထိုင်နိုင်စေရန်နှင့် သေဆုံးမှုများကို ကာကွယ်တားဆီးနိုင်ရန် ကန့်သတ်ပိတ်ဆို့မှုများကို ချမှတ်လုပ်ဆောင်ရန် လိုသေးကြောင်း ဝန်ကြီးချုပ်ရုံး ဒုတိယအကြီးအကဲ သစ်ဖာကွန်ချန်သာဗွန်ဆာက လာအိုမြို့တော် ဗီယန်ကျင်းတွင် အောက်တိုဘာ ၁၅ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အောက်တိုဘာ ၁၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၇၃ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၁၁၈၈ ဦးအထိ ရောက်ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကန့်သတ်ဆောင်ရွက်ချက်များကို အောက်တိုဘာ ၃၀ ရက်အထိ သက်တမ်းတိုးချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မဒေါင်းလှကျေးရွာအား PDF အကြမ်းဖက်သူ အင်အား ၇၀ ခန့်က အကြမ်းဖက်မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်

နေပြည်တော် အောက်တိုဘာ ၁၅

**အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH၊ NUG တို့သည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲသတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိသည်။ ၎င်းအပြင် NLD အစွန်းရောက်အများစုပါဝင်သော PDF အဖွဲ့များအနေဖြင့် ၎င်းတို့နှင့် နိုင်ငံရေးခံယူချက်အရ ကွဲပြားပြီး အေးချမ်းစွာ နေထိုင်လိုသည့် ကျေးရွာများကိုလည်း နည်းမျိုးစုံဖြင့် ခြိမ်းခြောက်ဖိအားပေးခြင်း၊ ၎င်းတို့ကို ထောက်ခံအားပေးမှု မရှိသည့် ကျေးရွာများကို အင်အားသုံး၍ ဝင်ရောက်စီးနင်းကာ အပြစ်မဲ့ပြည်သူများအား ရက်ရက်စက်စက် ညှဉ်းပန်းသတ်ဖြတ်ခြင်း၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပစ္စည်းများအား လုယက်ခြင်းတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေ ၃ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မဒေါင်းလှကျေးရွာအား PDF အကြမ်းဖက်သူ အင်အား ၇၀ ခန့်က လက်နက်ငယ်များ၊ တူမီးသေနတ်များဖြင့် လာရောက်ပစ်ခတ်၍ ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း ဒေသခံပြည်သူများမှ လုံခြုံရေးတပ်ဖွဲ့များထံ ဆက်သွယ်အကူအညီ တောင်းခံလာမှုကြောင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ အချိန်မဆိုင်း သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ PDF အကြမ်းဖက်သူများသည် ကျေးရွာအတွင်း နေအိမ်နှစ်လုံးကို မီးရှို့ဖျက်ဆီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိစဉ်တွင် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ဖြစ်စဉ်တွင် ကျေးရွာသူကျေးရွာသားများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားသည့် PDF အကြမ်းဖက် သောင်းကျန်းသူများ နောက်သို့ ထက်ကြပ်မခွာ လိုက်လံချေမှုန်းလျက်ရှိပြီး ကျေးရွာလုံခြုံရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ငြိမ်းချမ်းစွာ လုပ်ကိုင်စားသောက်လိုသူ မိဘပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ လုပ်ကြံသတ်ဖြတ်မှုများ၊ အုပ်စုဖွဲ့၍ အနိုင်ကျင့်မှုများအပေါ် ရွံရှာစက်ဆုပ်လျက်ရှိကြပြီး ၎င်းအကြမ်းဖက်အဖွဲ့များကို အမြစ်ပြတ်ချေမှုန်းနိုင်ရေး တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းဆောင်ရွက်ကာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းရပ်များအား တက်ကြွစွာ လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်၊ နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၁၇၂ ဦး၊ အမျိုးသမီး ၁၃၉ ဦး စုစုပေါင်း ၃၁၁ ဦးနှင့် ချင်းရွှေဟော်မြို့ နမ့်ဖာဟော်တံတားမှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ရှစ်ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များအား ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများလွယ်လင့်တကူဝယ်ယူနိုင်ရေးနှင့် အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာ့အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ခြောက်ခုမှ အိမ်သုံးဆေးဝါး ၈၉ မျိုးကို ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း ယနေ့တွင် ၄၅ ရက်မြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မိန်းမလှကျွန်းကမ်းဘေးတွင် မိကျောင်းဆွဲခံရသူ၏ ရုပ်အလောင်းကို ဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိ

**ဘိုကလေး အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ရေချို ရေငန်စပ် မိကျောင်းများ ကျင်လည်ကျက်စားရာ နေရာဖြစ်သော မိန်းမလှကျွန်း ကမ်းဘေးတွင် ကဏန်းထောင်သူ အမျိုးသား တစ်ဦး အောက်တိုဘာ ၁၂ရက် ညနေပိုင်းက မိကျောင်းဆွဲခံရပြီး ၎င်း၏ ရုပ်အလောင်းကို ယမန်နေ့ အောက်တိုဘာ ၁၄ရက် ညနေပိုင်းတွင် ဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိခဲ့သည်။

မိကျောင်းဆွဲ ခံရသူမှာ ဘိုကလေးမြို့နယ် ဆပ်ကျွန်း ကျေးရွာအုပ်စု ပဒဲကောကျေးရွာနေသူ စိုင်းခန့်ဇော်(၁၆)နှစ်ဖြစ်ပြီး ၎င်း၏ ရုပ်အလောင်းကို ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များနှင့် ကျေးရွာနေပြည်သူများက လိုက်လံရှာဖွေရာ ပဒဲကောရေကျော်ချောင်းအနီး မှောက်လျက်အနေအထားဖြင့် ညာဘက်လက်ပြင်တွင် သွားကိုက်ဒဏ်ရာ တစ်ချက်၊ ညာဘက် လက်ခုံ သွားကိုက်ဒဏ်ရာ နှစ်ချက်၊ ရင်ညွှန့် အလယ်တည့်တည့်တွင် အူများထွက်ကာ သေဆုံးနေကြောင်း တွေ့ရသဖြင့် တာဝန်ရှိသူများက ရုပ်အလောင်းကို ကြိမ်ချောင်းကြီးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။



မိကျောင်းဆွဲခံရပြီး ပြန်လည်တွေ့ရှိသည့် သေဆုံးသူ။

ဘိုကလေးမြို့နယ်၌ မိကျောင်းဆွဲခံရမှုမှာ နှစ်စဉ်နှစ်တိုင်းဖြစ်လေ့ဖြစ်ထရှိပြီး ယခုနှစ် မိကျောင်းဆွဲခံရမှုဖြစ်စဉ် သုံးကြိမ်ရှိပြီဖြစ်ကြောင်း၊ တာဝန်ရှိဌာနများမှလည်း အန္တရာယ်ရှိသည့် နေရာဒေသ မြစ်၊ ချောင်းများ၌ မိကျောင်းအန္တရာယ် သတိပေးဆိုင်းဘုတ်များ နှိုးဆော်စိုက်ထူထားရှိပေးကြောင်းနှင့် လက်လုပ်လက်စား တံငါသည်များအဖို့ ဝမ်းရေးဖြေရှင်းနိုင်ရေးအတွက် မလွှဲသာ မရှောင်သာ ငါး၊ ပုစွန်၊ ကဏန်းရှာကြရင်း မိကျောင်းအန္တရာယ်နှင့် ရင်ဆိုင်ကြရကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်များအရ သိရသည်။ **မိုးစက်(ဘိုကလေး)**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် မြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်ပွဲတော်ကာလတွင် မြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် မြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၁၁–၁၀–၂၀၂၁ ရက်နေ့မှ ၁၅–၁၀–၂၀၂၁ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ကျပ် ၂.၁၀၇ သန်း ဖြစ်ပါသည်။ ၁၅–၁၀–၂၀၂၁ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ**
**OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၈–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၄၆,၀၇၆,၄၀၈,၆၄၂.၅၃ |
| (+) ၁၁–၁၀–၂၀၂၁ မှ ၁၅–၁၀–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၂,၁၀၆,၅၀၀.၀၀ |
| (–) EDC–600012 သို့ USD ၁၀ သန်း လွှဲပြောင်းငွေ | ၁၉,၈၀၀,၀၀၀,၀၀၀.၀၀ |
| **၁၅–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၂၂၆,၂၇၈,၅၁၅,၁၄၂.၅၃** |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ**
**EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၈–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇,၁၆၂,၃၄၉.၅၃ |
| (+) ၄–၁၀–၂၀၂၁ မှ ၈–၁၀–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| (+) OA–013733 မှ လွှဲပြောင်းငွေ | ၁၀,၀၀၀,၀၀၀.၀၀ |
| **၈–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၂၇,၁၆၂,၃၄၉.၅၃** |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
**(၁၁–၁၀–၂၀၂၁ ရက်နေ့မှ ၁၅–၁၀–၂၀၂၁ ရက်နေ့အထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၁၁-၁၀-၂၀၂၁ | ၁,၄၈၁,၅၀၀ |
| ၁ | ဒေါ်မြင့်မြင့်ဝင်း(ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၂ | ဒေါ်ပပဝင်း(ကျောက်ပန်းတောင်းမြို့) | ၂၀,၀၀၀ |
| ၃ | ဦးအောင်မြင့်+ဒေါ်သိန်းရီ(ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄ | ဦးမြင့်ဆွေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၅ | ဦးသိန်းဝင်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၆ | ဦးသာထွန်းအေး (တ/ဒဂုံမြို့နယ်) | ၁၁,၅၀၀ |
| ၇ | ဦးနေမျိုး (သံတွဲမြို့) | ၅၀,၀၀၀ |
| ၈ | ဒေါ်ရီရီထွန်း (ထန်းတပင်၊ အင်းစိန်မြို့နယ်) | ၁၀၀,၀၀၀ |
| | ၁၂-၁၀-၂၀၂၁ | ၂၅,၀၀၀ |
| ၁ | ဦးနေမျိုး (သံတွဲမြို့) | ၂၅,၀၀၀ |
| | ၁၅-၁၀-၂၀၂၁ | ၆၀၀,၀၀၀ |
| ၁ | ဒေါ်မို့မို့ခိုင် (ဟသ်ာတမြို့) | ၁၀၀,၀၀၀ |
| ၂ | ဦးလှမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| | (၁၁-၁၀-၂၀၂၁ ရက်နေ့မှ ၁၅-၁၀-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၂,၁၀၆,၅၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာ ဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**

❐ *ကျောဖုံးမှ*

ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၄–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၅၅၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၃၂၉)ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၇.၆) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၅၉၃,၆၇၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၈၅,၆၄၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၁၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၇,၈၅၅)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၂၉၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၅–၁၀–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၉၃)ခု | (၆၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၆)ခု | (၁၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၃)ခု | (၅)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၈)ခု | (၇၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၇၅)ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၆၆)ခု | (၉၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၃၃၇)ခု | (၁,၀၈၃)ဦး |
| **စုစုပေါင်း** | **(၁၇,၅၅၈)ခု** | **(၁,၃၂၉)ဦး** |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အသက် ၁၂ နှစ်ပြည့်ပြီးသူ အခြေခံပညာဦးစီးဌာန၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည် –
  (၁) အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူခွင့် အခွင့်အလမ်းများ ရရှိလာစေရန်၊
  (၂) အခြေခံပညာကျောင်းသား၊ ကျောင်းသူများတွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွား၊ သေဆုံးမှုကို လျှော့ချရန်၊
  (၃) ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မိသားစုနှင့်ပတ်ဝန်းကျင်သို့ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးရန်၊
- အဆိုပါ ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံခြင်းကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ မှ နိုဝင်ဘာလ အထိ လည်းကောင်း၊ ဒုတိယအကြိမ် ထိုးနှံခြင်းကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ အထိလည်းကောင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် မိဘအုပ်ထိန်းသူများ၏ သဘောတူခွင့်ပြုချက်ဖြင့် ထိုးနှံပေးသွားမည်ဖြစ်ရာ မိဘပြည်သူများမှလည်း ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၏ မွေးမြူရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုပြီး (ယာပုံ) တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက်အထိ လူဦးရေစုစုပေါင်း ၁၀ ဒသမ ၉ သန်းကို ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ ၄ ဒသမ ၃ သန်းနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ ၆ ဒသမ ၆ သန်း ရှိပြီဖြစ်သည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၄ ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၁၅ ဒသမ ၂) သန်း ထိုးနှံပြီးဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှု ရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုး စုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုး လုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ထားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေး ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် အောက်တိုဘာ ၁၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကုမ္ပဏီသုံးခုမှ Enoxabio Injection ၈၈၀ ၊ Vitamin D3 400 IU ၃၂၄၀ ၊ Nervit Tablet ၃၉၆၀ ၊ Aminothyst Tablet ၅၀၀၀ ၊ Victal-C Tablet ၁၁၂၀ ၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Concentrator ၇၅၈ ခု၊ Oxygen Cylinder ၂၇၅ ခု၊ Regulator ၄၀၊ Oxygen Plant ငါးခု၊ Oxymiter ၁၀၀ ၊ ဆေးဝါးမျိုးစုံ ၄၄ မျိုး ၄၁၅၇၀၂.၉၇ Kg ၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုတို့မှ Oxygen Cylinder ၁၀၄ ခု၊ Spray Gun ၈၀ ၊ Mask ၁၈၉၇၀ Kg၊ PPE ၄၇၅ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိဿာလျှင် လက်ကားဈေး (၃၇၀၀ိ/-)ကျပ်နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွက် စားအုန်းဆီ ၇၅၁၅၂၄၂ ပိဿာ၊ တန်ချိန် ၁၂၂၇၉ ဒသမ ၈၁ တန် ရောင်းချခဲ့ပြီး ဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် (၂ ရာခိုင်နှုန်း)ထက် မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၊ အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာခမ္မာရုံရှေ့) အလုံမြို့နယ်၊ ဖုန်းအမှတ်၊ ၀၉၄၄၄၄၃၇၂၉၅၊ ၀၉၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ၀၁၂၅၀၂၇၀၊ ၀၉၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုးခွံ၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် အခြားဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ မူဆယ်(ဝဲပုံ)နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီလေးခုမှ ယာဉ်စီးရေ ၁၅ စီးဖြင့် အောက်ဆီဂျင်(အိုးခွံ) ၃၇၉ ခု၊ Oxygen Plant ငါးခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၇၅၈ ခု၊ PPE ဝတ်စုံ ၅၀၂၇၅ ခု၊ လက်အိတ် ၂ ဒသမ ၅ တန်နှင့် နှာခေါင်းစည်း (Mask) ၅၁ တန် တင်သွင်းခဲ့သည်။ Oxygen Plant ငါးခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရှိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေးစီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းလွန်-ဩရိဿတောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မိုး/ဇလ**

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်

**နေပြည်တော် အောက်တိုဘာ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို ၂၂.၉.၂၀၂၁ ရက်နေ့မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် ၆၀ ဆိုင်တွင် 92Ron (၁၈,၂၀၂,၂၁၄) လီတာ၊ ဒီဇယ် (၁၁,၀၀၉,၀၅၀) လီတာနှင့် Premium ဒီဇယ် (၁၆,၈၃၂,၅၄၇) လီတာတို့ ဖြန့်ဖြူးရောင်းချပေးထားပြီး ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီဆိုင်လိပ်စာများအား ကြေညာခဲ့ပြီး ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ် စက်သုံးဆီအရောင်းဆိုင်များတွင် ဖော်ပြပါဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

သတင်းစဉ်

### ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်ဆုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Terminal–202 | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်္ဂလာဒုံ |
| ၂ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ |
| ၃ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းမကြီး၊ ထောက်ကြံ့မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာ ကွင်းအမှတ် (၅၆၇/A က)ကင်မလင်း ကွင်းအမှတ် ၄ လမ်း၊ မှော်ဘီမြို့နယ်။ |
| ၅ | KZH ဆီဆိုင် | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ငါးမာန်အောင်ဘုရားအနီး၊ ရန်ကုန်မြို့ |
| ၆ | ထက်ကေရီ (အမှတ်–၂ လမ်းမကြီး) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂) လမ်းမကြီး၊ ရှမ်းတဲကြီးစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၇ | သရဖူ (အင်းစိန်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၈ | North Dagon | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် (၁၂၃၇/၁၂၃၈၊ (၄၅)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) |
| ၉ | သရဖူ (အင်းစိန်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၀ | Yangon Petrol (ဒလ) | ၁,၁၂၂ | ၁၁၁၇ | ၁,၁၂၄ | အမှတ် ၁၄၂၄၊ ဒလ-တွံတေးလမ်းမကြီး၊ ဆာဖာချောင်ရပ်ကွက် |
| ၁၁ | Yadanar Petrol Station (Kyauttan) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၈၃၆)၊ သန်လျင်–ကျောက်တန်းလမ်းမကြီး၊ ဆင်ကန်ရပ်ကွက်၊ ကျောက်တန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၂ | Puma Power 009 (South Okkalapa) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရတနာလမ်း၊ တောင်ဥက္ကလာ၊ ရန်ကုန် |
| ၁၃ | Silver Wave (Thu Wanna) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၁၃၉)၊ ပေါ်ဆန်းမွှေးလမ်း၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်။ |
| ၁၄ | သိမ်ဖြူ | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| ၁၅ | MICA POWER | ၁,၁၂၂ | ၁၁၁၇ | ၁,၁၂၄ | ဘုရင့်နောင်လမ်းနှင့် ပေကျင်းလမ်းထောင့် အနောက်ကြို့ကုန်း |
| ၁၆ | Yadanar Petrol Station (Taikgyi) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အိုးတန်းရပ်ကွက်၊ ပြည်လမ်း၊ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၇ | Yadanar Petrol Station (Kayan) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၃)ရပ်ကွက်၊ခရမ်း–ရန်ကုန်လမ်းမကြီး၊ ခရမ်းမြို့နယ်၊ အေးချမ်းသာမြို့သစ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၈ | Petro Power | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒရယ်ဘိုကျေးရွာ၊ လှည်းကူးဆရာအတတ်သင်မျက်နှာချင်းဆိုင်၊ လှည်းကူး |
| ၁၉ | MOONSUN | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်၁၅/လမ်းသစ်လမ်း/ နံ့သာကုန်းရပ်ကွက် အင်းစိန်မြို့နယ် |
| ၂၀ | MOONSUN | ၁,၁၂၂ | ၁၁၁၇ | ၁,၁၂၄ | အမှတ် ၁၅/ရန်ကုန်-ပုသိမ်လမ်းမကြီး/မြစိမ်းရောင်အိမ်ရာ/လှိုင်သာယာမြို့နယ် |

### မန္တလေးတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်ဆုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | KS ( 031 ) | ၁၁၆၇ | ၁၁၅၂ | ၁၁၅၉ | KS ( 031 ) အုန်းချောဆိုင် ( မန္တလေး–ထုံးဖို) |
| ၂ | KS ( 027 ) | ၁၁၆၂ | ၁၁၅၂ | ၁၁၅၉ | KS ( 027 ) ကျွဲတပ်ဆုံ (သာစည်မြို့) |
| ၃ | OK ENERGY ရမည်းသင်း | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန်–မန္တလေး လမ်းမကြီးဘေး ရွှေဒါးကျေးရွာ |

### နေပြည်တော်တွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်ဆုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Power (9) (PyinMaNa) | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ရန်ကုန်–ပျဉ်းမနားလမ်းဟောင်း နှင်းဆီဝိုင်းအနီး ပုဗ္ဗသီရိမြို့နယ် |
| ၂ | PT Power (ဥတ္တရသီရိ) | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | အမှတ်(၁၉)၊မန္တလေးလမ်းနှင့် မြဝတီလမ်းထောင့် |
| ၃ | PT Power (ဒက္ခိဏသီရိ) | ၁၁၆၂ | ၁၁၅၇ | ၁၁၆၄ | ဗိုဲ(၄)လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့်၊ ၁၃/ဝန်ဆောင်မှုဇုန်ရပ် |

### တနင်္သာရီတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်ဆုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | စန္ဒဝတ်ရွာ၊ ကျွဲစုလမ်း၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂ | Shwe Myan Aung | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | ကုန်းပေါက်ရွာ၊ မြိတ်တောင်အုပ်စု၊ မြိတ်မြို့နယ် |
| ၃ | MICHILI FUEL | ၁၁၇၇ | ၁၁၅၇ | ၁၁၆၄ | တိုင်းရုံးလမ်းခွဲမြိတ်–ထားဝယ်လမ်းမကြီး ရွှေပေးကျေးရွာ စန္ဒဝတ်ကျေးရွာအုပ်စု မြိတ်မြို့ တနင်္သာရီတိုင်းဒေသကြီး |

### စစ်ကိုင်းတိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်ဆုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | BOC (မုံရွာ) | ၁၁၇၂ | ၁၁၅၂ | ၁၁၅၉ | မုံရွာ–ရေဦးကားလမ်းမကြီးဘေး ဖန်ခါးကျင်းကျေးရွာ မုံရွာမြို့ |

### ရခိုင်ပြည်နယ်ရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်ဆုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | KS ( 022 ) | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | KS ( 022 ) လင်းမူတောင်ဆိုင် |
| ၂ | စင်တော်ကောက် | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | ငပလီ၊ မိန်းလမ်းမကြီး၊ သံတွဲ ၀၇၁၇၁ |
| ၃ | ကြံ့တိုင်းအောင် | ၁၁၈၇ | ၁၁၇၇ | ၁၁၈၄ | လင်းမူတောင်ကျေးရွာအုပ်စု/ သံတွဲမြို့နယ် / ရခိုင်ပြည်နယ် |

*(ဆက်လက်ဖော်ပြပါမည်)*




ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

မိဘများ ကြိုတင်ဆောင်ရွက်ရမည့်
သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ မိမိတို့၏သား၊သမီးများ ပညာသင်ယူမှု အခွင့်အလမ်းရရှိစေရေးအတွက် ကျောင်းများ ပြန်လည် ဖွင့်လှစ်ချိန်တွင် ကျောင်းသို့ မပျက်မကွက် (မပျက်မကွက်) စေလွှတ်ရန်၊

၂။ မိမိတို့၏သား၊သမီးများကို ကျောင်းမှချမှတ်ထားသည့် စည်းကမ်းများနှင့် လိုက်လျောညီထွေစွာ ပြောဆိုပြုမူကျင့်ကြံနေထိုင် တတ်စေရေး လေ့ကျင့်ပေးရန်၊

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ဆရာ၊ မိဘနှင့် ကျောင်းသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၄။ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့တွင် ကူညီပံ့ပိုးဆောင်ရွက်ရန်၊

၅။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီး၊ ဆရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

## လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဆောက်လုပ်ဆဲတိုက် ပြိုကျမှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၆)ရပ်ကွက် မေယုလမ်းထိပ် ကျန်စစ်သားလမ်းနှင့် မေယုလမ်းထောင့်ရှိ ဆောက်လုပ်နေဆဲ အဆောက်အအုံတစ်ခု အောက်တိုဘာ ၁၅ ရက်နံနက် ၉ နာရီ ၂၈မိနစ်က ပြိုကျမှု ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ရေးယာဉ် နှစ်စီး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ Emergency Medical Service သူနာပြုယာဉ် နှစ်စီး၊ ရှာဖွေကယ်ဆယ်ရေး အထူးတပ်ဖွဲ့ဝင်များ၊ ဌာနချုပ်မှ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ Lifting Vehicle Rescue Truck ယာဉ် တစ်စီး၊ တောင်ပိုင်းခရိုင် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်းမှ Lifting Vehicle Rescue Truck ယာဉ် တစ်စီး၊ တာမွေမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေး ယာဉ်တစ်စီးနှင့်အတူ ပရဟိတအဖွဲ့ယာဉ်များ၊ အဖွဲ့ဝင်များ၊ သူနာပြုတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နံနက် ၉ နာရီ ၄၅ မိနစ်တွင် အသက်ရှင်လျက် အမျိုးသား သုံးဦးကို ဦးစွာရှာဖွေကယ်ထုတ်ပေးနိုင်ခဲ့သည်။ မွန်းလွဲ ၂ နာရီ ၂၀ မိနစ်မှ ၂နာရီ ၄၅ မိနစ်အတွင်း သေဆုံးသူအမျိုးသားသုံးဦးကို ထပ်မံရှာဖွေနိုင်ခဲ့ပြီး မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



အဆောက်အအုံမှာ နှစ်ထပ်ခွဲ Steel Structure သံမဏိရက်မပေါ် သံပြားခင်း၍ ကွန်ကရစ်လောင်း တည်ဆောက်ထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။ **ကိုကြီးတင်**

## ဗန်းမောက်မြို့နယ်၌ ရွှေကျင်းများပြိုကျ၍ ရွှေလုပ်သားခြောက်ဦးသေဆုံး

**ဗန်းမောက် အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် တုန်းပင်ကျေးရွာအုပ်စု နားလိန်ခါးကျေးရွာအနီးရှိ ကျောက်ရွှေမှော်တစ်ခုတွင် အောက်တိုဘာ ၁၄ ရက်ည ၂နာရီခန့်က ရွှေကျင်းများ မြေပြိုကျ၍ ရွှေလုပ်သားခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

“ဝက်ခေါက်ရွှေမှော်” ဟု အမည်ရသော ကျောက်ရွှေသတ္တုတူးဖော်နေသည့် အေးအေးခိုင်ရွှေသတ္တုတူးဖော်ရေး ကုမ္ပဏီပိုင် ဇရိယာအတွင်း တစ်နိုင်တစ်ပိုင် ရွှေလုပ်ငန်း လုပ်ကိုင်ကြသူများ လုပ်ကိုင် စားသောက်နိုင်ရန် လုပ်ပိုင်ခွင့်ပေးထားသော အတောင် ၁၀၀ ကျော် အနက်ရှိ ကျောက်ရွှေသတ္တုကျင်း ၁၅ကျင်း၌ ညဆိုင်းဆင်းနေကြသည့် ရွှေလုပ်သားများမှာ ညဉ့်နက်ချိန်တွင် ၁၂ကျင်းပြိုကျခဲ့ပြီး အပေါ်ပိုင်းမှ မြေများထပ်၍ ပြိုကျလာခဲ့သောကြောင့် ကျင်းအနီးတွင် လူများ နေထိုင်ရန် တည်ဆောက်ထားသည့် တဲများပါ မြေပြိုကျရာသို့ပါ သွားသဖြင့် ရွှေလုပ်သား ခြောက်ဦး သေဆုံးခဲ့ကြောင်း၊ စာရင်းသာ ရရှိထားသော်လည်း ရုပ်အလောင်းများ ရှာဖွေတွေ့ရှိခြင်း မရှိသေးကြောင်း၊ ရွှေကျင်းများ ပြိုကျနေသော နေရာသို့ ဗန်းမောက်မြို့မှ တာဝန်ရှိပုဂ္ဂိုလ်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သေဆုံးသွားသည့် ရုပ်အလောင်း ခြောက်လောင်းကို ဘက်ဟိုး စက်ယန္တရားကြီးများဖြင့် တူးဖော်ရှာဖွေလျက်ရှိကြောင်း သိရသည်။



“အေးအေးခိုင် ကုမ္ပဏီပိုင် ရွှေလုပ်ကွက်ထဲက ရွှေကျင်းအဟောင်းတွေမှာ တစ်နိုင်တစ်ပိုင် လုပ်ကိုင်စားပါစေဆိုပြီးပေးထားတဲ့ ရွှေကျင်းတွေမှာ ကျောက်၊ ရွှေတူးနေကြတဲ့သူတွေ ကျင်းပြိုကျပြီးတော့ ခြောက်ဦးလောက် သေတယ်လို့စာရင်းရထားပါတယ်။ အဲဒီသေဆုံးတဲ့ ခြောက်ဦးရဲ့ ရုပ်အလောင်းကို မနေ့ကတစ်ရက်လုံး စက်ယန္တရားကြီးတွေနဲ့ တူးဖော်ရှာဖွေနေတုန်းပါ။ မတွေ့ရသေးဘူး။ ကျင်းတွေက အတောင် ၁၀၀ကျော်နက်တော့လည်း ရှာဖွေရတာ အခက်အခဲဖြစ်ရတယ်။ ဒီနေ့ ထပ်ရှာဦးမှာပါ။ ကြေးနန်းတော့ တင်ထားပါတယ်။ အမှုကတော့ မဖွင့်ရသေးပါဘူး”ဟု ဗန်းမောက်မြို့မ စခန်းမှူးက ပြောသည်။

ဗန်းမောက်မြို့နယ်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက ရွှေသတ္တုများစွာထွက်ရှိပြီး တစ်နိုင်တစ်ပိုင် ရွှေတူးဖော်ခြင်းဖြင့် ဒေသခံများ လုပ်ကိုင်စားသောက်နေထိုင်လာခဲ့ကြရာ စားဝတ်နေရေးနှင့် စီးပွားရေးများ အဆင်ပြေခဲ့ကြသော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၂၀ မှစကာ ကျောက်ရွှေသတ္တုတူးဖော်ခြင်း၊ မြုန်းစုပ်ရွှေသတ္တုတူးဖော်ခြင်းနှင့် ကုတ်ဖျောရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းများကို တောတောင်လယ်ယာ၊ ချောင်းမြောင်းများတွင် ဘက်ဟိုး စက်ယန္တရားကြီးများဖြင့် တရားဝင်၊ တရားမဝင် လာရောက်လုပ်ကိုင်လာနေခြင်းများကြောင့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ များစွာ ပျက်စီးလာနေပြီး တစ်နိုင်တစ်ပိုင် ရွှေတူးဖော်နေကြသူများမှာလည်း စက်ယန္တရားကြီးများဖြင့် မလုပ်ကိုင်နိုင်သောကြောင့် စီးပွားရေးနှင့် စားဝတ်နေရေး အဆင်မပြေမှုများ များစွာရှိနေကြပြီဖြစ်ကြောင်း သိရသည်။ **လှိုင်ဘွား(ဗန်းမောက်)**

# ဆီလွန်ကဲစွာစားသုံးမှုနှင့် ကျန်းမာရေးပြဿနာ

မေယု-မျိုးအောင် (MANA)

**ဘေးကင်းလုံခြုံမှုမရှိသောစားဆီများကို သုံးစွဲခြင်းကြောင့် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုမှာ ကြီးမားလျက်ရှိသည်။ ဆီစားသုံးမှုနှင့် ဆက်နွယ်နေသော ကျန်းမာရေးပြဿနာများကို လေ့လာပါက အခြေခံအချက်နှစ်ချက်ကို တွေ့ရမည်ဖြစ်သည်။ ပထမအချက်မှာ "ကျန်းမာရေးနှင့် မသင့်လျော်သည့်ဆီများကို စားသုံးမိခြင်း" ဖြစ်ပြီး ဒုတိယအချက်မှာ "သုံးစွဲသင့်သည်ထက် ပိုမို စားသုံးမိနေခြင်း" ဖြစ်သည်။ မြန်မာဟင်းအများစုတွင်လည်း ဆီပြန်ဟင်းများက ဟင်းကောင်းအဖြစ် နေရာယူထားသည်။ ဆီနည်းသည်ဆိုလျှင် "ဟင်းက ဆီတောင်မပါဘူး" ဟု ဆိုတတ်ကြပြန်သည်။ မြန်မာ့စားစရာဟင်းလျာများတွင် ဆီက မပါမဖြစ်ဆိုသလိုပါနေပြီး လိုသည်ထက်ပင် ပိုစားဖြစ်နေကြသည်။**

အစားအစာသည် ဘဝတစ်ခုရှင်သန်ရန် အတွက် အရေးကြီးသောကဏ္ဍတစ်ရပ်မှ ပါဝင်နေပါသည်။ လူသားတို့ အသက်ရှင်နေထိုင်နိုင်ရေး၊ လူ့ဘဝတိုးတက်ဖွံ့ဖြိုးရေး၊ လူနေမှုပတ်ဝန်းကျင် သာယာလှပစိုပြည်ရေးတို့အတွက် အစားအစာကို မရှိမဖြစ် အမှီသဟဲပြုကြရသည်။ လူတို့ အသက်ရှင်နေထိုင်မှုနှင့် နေ့စဉ်လှုပ်ရှားသွားလာမှုတို့ကို တာဝန်ထမ်းဆောင်နေရသော ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သောစွမ်းအင်ကို အစားအစာမှ ရရှိသည်။ လူဦးရေတိုးပွားလာနေသည့်ကမ္ဘာကြီးတွင် ကလေးမွေးဖွားနှုန်း မြင့်မားနေသကဲ့သို့ သေဆုံးမှုနှုန်းမှာလည်း မြင့်မားနေသည်။ သေဆုံးမှုများထဲတွင် ဘေးကင်းလုံခြုံမှုမရှိသော အစားအသောက်များမှ ရရှိဖြစ်ပွားသည့်ရောဂါများကြောင့် သေဆုံးရခြင်းသည်လည်း အဓိက အကြောင်းအချက်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် အစားအသောက်နှင့် ပတ်သက်၍ ၁၉၇၂ ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ၊ အမျိုးသား အစားအသောက်ဥပဒေ (၁၉၉၇)၊ အမျိုးသားအစား အသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃) နှင့် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) တို့ကို ပြဋ္ဌာန်းထားကြောင်းလည်း သိရှိရသည်။

### ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီ စားသုံးနိုင်ရေး

ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ တောင်သူ လယ်သမားများ၏ဝင်ငွေ တိုးတက်ရေး၊ စားနပ် ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေး တို့မှတစ်ဆင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် နိုင်ငံတော်က ရည်မှန်း ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဆီထွက် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် စားဆီထုတ်လုပ် ရေးလုပ်ငန်းကို အားပေးမြှင့်တင်ဆောင်ရွက်လျက် ရှိသော်လည်း တိုးတက်သင့်သလောက် တိုးတက် နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ စိုက်ပျိုးရေး ဦးစီးဌာနကလည်း ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီ စားသုံးနိုင်ရေးနှင့် ပြည်တွင်းဆီထွက် သီးနှံဖူလုံရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေး ပြီး သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးပေး ကာ ရလဒ်ဖော်ထုတ်ပေးရန် ပြောကြားသည်။ စိုက်ပျိုး ရေးနှင့် ကုန်သွယ်ရေးကဏ္ဍအပြင် စားသုံးသူ ကာကွယ်ရေးကဏ္ဍမှလည်း ဥပဒေဖြင့် အကာ အကွယ်ပေးရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏စားသုံးမှုပုံစံဓလေ့အရ ဆီစား သုံးမှုမှာ ပိုမိုများပြားနေကြောင်းသိရပြီး နိုင်ငံခြား ငွေများစွာအသုံးပြုတင်သွင်းရသဖြင့် သွင်းကုန် အစားထိုးထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည် ကို တွေ့ရသည်။ စားသုံးဆီများတွင် ပြည့်ဝဆီ နည်းခြင်းက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန် ရာ ဆီများကို ခွဲခြားစစ်ဆေးထုတ်ပြန်ချက်အရ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ ပဲပုပ်ဆီများက ပြည့်ဝဆီအနည်းဆုံးဖြစ်ပြီး စားအုန်းဆီက ပြည့်ဝ ဆီများသည်ကိုတွေ့ရသည်။ သတ်မှတ်အရည်အသွေး ဖြင့် ပြည်ပမှတင်သွင်းခွင့်ပြုထားခြင်းဖြစ်၍ စားသုံး ရန်မသင့်သည့် ဆီမဟုတ်ဘဲ ကျန်းမာရေးမထိခိုက် စေသော သန့်ရှင်းသောဆီဖြစ်စေရေးအတွက် သို့လှောင် သယ်ယူထုပ်ပိုးသည့်နေရာများ၊ လက်လီရောင်းချသည့်နေရာများ အဆင့်ဆင့်တွင်



> ❋ **စားသုံးသူပြည်သူအများစုမှာ ကျန်းမာရေးအသိ ဗဟုသုတမရှိသောကြောင့် လည်းကောင်း၊ သိသော်လည်း ဝင်ငွေအဆင့်နိမ့်ကျသဖြင့် လုံခြုံစိတ်ချရသော စားသုံးဆီကို မစားသုံးနိုင်သောကြောင့်လည်းကောင်း၊ ရေရှည်ကောင်းကျိုးကို ကြည့်ရမည့်အစား အမြင်၊ အနံ့၊ အရသာဖြင့် ရွေးချယ်ဝယ်ယူတတ်သော ဓလေ့စရိုက်များကြောင့်လည်းကောင်း ထုတ်လုပ်သူများက မမှန်မကန်ထုတ်လုပ် လျက်ရှိသည့် စားသုံးဆီများကို အားပေးနေသည့် ဈေးကွက်ရှိနေသေးခြင်း ဖြစ်သည်**

သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ရန်လိုအပ်သည်။

သို့ရာတွင် စားအုန်းဆီကို မြေပဲ၊ နှမ်းဓာတုအနံ့ များထည့်သွင်းကာ မြေပဲဆီ၊ နှမ်းဆီအဖြစ် လိမ်လည် ရောင်းချခြင်း၊ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် မသန့်စင်ရသေးသည့် ဝါစေ့ဆီအနီရောင်ကို အရောင် လှအောင်ရောစပ်၍ နှမ်းဆီအဖြစ် ရောင်းချခြင်း၊ ရောဆီ၊ စပ်ဆီဟုဆိုကာ မြေပဲဆီနှင့် စားအုန်းဆီများ ကို ရောနှောထားပြီး ပါဝင်ပစ္စည်းဖော်ပြရာတွင် ဆီအမျိုးအစားနှင့် ရာခိုင်နှုန်းကို မှန်ကန်စွာဖော်ပြမှု မရှိဘဲ မြေပဲဆီပါဝင်မှုရာခိုင်နှုန်းကို ပိုမိုဖော်ပြပြီး ဈေးနှုန်းတိုးမြှင့်ရောင်းချခြင်း၊ ဆီသန့်အသစ် သုံးရ မည့်အစား ပြန်ကြော်ဆီများကို ပြန်လည်သုံးစွဲခြင်း စသည့်နည်းကို အသုံးပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် ဆီထွက် သီးနှံအားလုံးကို စားဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မည် ဆိုလျှင်ဖြင့် ဆီဖူလုံမှုရှိမည်ဖြစ်သော်လည်း မြေပဲနှင့် နှမ်းသည် ပြည်ပဝယ်လိုအားများ ပြည်ပပို့ကုန် ဖြစ်ခြင်းကြောင့် ပြည်တွင်းဆီလိုအပ်ချက်အတွက် စားအုန်းဆီကို တင်သွင်းဖြည့်ဆည်းရလျက်ရှိသည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်း၊ ပဲပုပ်တို့သည် ဒေသမရွေး စိုက်ပျိုး နိုင်မှုမရှိခြင်း၊ နှမ်းနှင့် မြေပဲသည် ပြည်ပဝယ်လိုအား အပြင် မုန့်လုပ်ငန်းအသုံးပြုမှုများလည်း ရှိခြင်းတို့ ကြောင့် တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းမြင့်တက်လျက် ရှိသည်။

### စားအုန်းဆီ (သို့) ရောနှောဆီများကို ဝယ်ယူစားသုံးနေကြ

ဈေးအမြင့်ကို စားသုံးသူအများစုက ဝယ်ယူ စားသုံးနိုင်ခြင်းမရှိတော့ဘဲ လေးပုံတစ်ပုံခန့် ဈေး သက်သာသည့် စားအုန်းဆီ (သို့) ရောနှောဆီများကို ဝယ်ယူစားသုံးနေကြရသောအခါ ပြည်တွင်းဆီစက် လုပ်ငန်းများသည် လည်ပတ်နိုင်မှုအားလျော့သွား သည့်အခြေအနေကို ကြုံတွေ့ရလျက်ရှိသည်။ အချို့ ဆီစက်များအနေဖြင့် ဆီထွက်သီးနှံများကို ကိုယ်တိုင် ဝယ်ယူကြိတ်ခွဲ၍ မိမိစက်ရုံတံဆိပ်ဖြင့် ဆီထုတ်လုပ် ရောင်းချနိုင်သည့် အခြေအနေမှ နဝလီကြိတ်ပေးခြင်း များသာ ဆောင်ရွက်နေသည့် ဆီစက်များအဖြစ်သာ လည်ပတ်နေသည်ကို တွေ့ရသည်။

စားသုံးသူပြည်သူအများစုမှာ ကျန်းမာရေးအသိ ဗဟုသုတ မရှိသောကြောင့်လည်းကောင်း၊ သိသော် လည်း ဝင်ငွေအဆင့်နိမ့်ကျသဖြင့် လုံခြုံစိတ်ချရသော စားသုံးဆီကိုမစားသုံးနိုင်သောကြောင့်လည်းကောင်း၊ ရေရှည်ကောင်းကျိုးကို ကြည့်ရမည့်အစား အမြင်၊ အနံ့၊ အရသာဖြင့် ရွေးချယ်ဝယ်ယူတတ်သော ဓလေ့ စရိုက်များကြောင့်လည်းကောင်း ထုတ်လုပ်သူများက မမှန်မကန်ထုတ်လုပ်လျက်ရှိသည့် စားသုံးဆီများကို အားပေးနေသည့် ဈေးကွက်ရှိနေသေးခြင်းဖြစ်သည် ကိုတွေ့ရသည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့အတွက် မြန်မာ့ စံချိန်စံညွှန်းသတ်မှတ်ခြင်းများ ဆောင်ရွက်ရေး၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အမျိုးသားအစား အသောက်ဥပဒေများပါ တားမြစ်ချက်များကို ဖောက် ဖျက်ကျူးလွန်လျှင် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း၊ သို့မှသာ မမှန်မကန်လုပ်သူများကို ဈေးနှုန်းယှဉ်ပြိုင်မရောင်း ချနိုင်သဖြင့် အခက်အခဲဖြစ်နေသည့် မှန်ကန်၍ အန္တရာယ်ကင်းအောင် ထုတ်လုပ်ပေးလျက်ရှိသော လုပ်ငန်းများကို အားပေးမြှင့်တင်ရာရောက်မည် ဖြစ်ကြောင်း ဆီစက်လုပ်ငန်းရှင်တစ်ဦးက အကြံပြု ပြောကြားသည်။

စားသုံးသူရေးရာဦးစီးဌာနမှ သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ပူးပေါင်းအဖွဲ့များသည် ဆီစက်များ၊ ဆီဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး ဆီစက်မရှိဘဲ တံဆိပ်ကပ်ရောင်းချနေသောဆီများ၊ လိုအပ်သည့် အထောက်အထားမပါရှိသော ဆီများကို စစ်ဆေးရန် ခွဲခြမ်းသို့ပို့၍ စားသုံးရန်မသင့်အဖြေထွက်ပါက တားမြစ်သိမ်းဆည်းဖျက်ဆီးခြင်းများ ဆောင်ရွက် ခဲ့သည်ကို ကြားသိရသည်။ ရေသန့်များကို FDA ထောက်ခံချက်လက်မှတ်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခွင့်ရှိသည်ဟု ကန့်သတ်ချက်ရှိသော်လည်း စားဆီများတွင် မရှိသေးသဖြင့် အချို့စားဆီများက FDA ထောက်ခံချက်ရရှိရေး ဆောင်ရွက်သော်လည်း အချို့ကဆောင်ရွက်ခြင်းမပြုသည်ကို တွေ့ရသည်။ ဈေးများအတွင်းတွင် ဆီများကိုခွက်ခြင်ဖြင့် ရောင်းချသူများသည်လည်း မိမိရောင်းချသော ဆီများဖြစ်သည့် စားအုန်းဆီ၊ မြေပဲဆီများကို မည်သည့်ဆီစက်၊ မည်သည့်လက်ကားဆိုင်များက ဝယ်ယူသည်ဆိုသည့် ပြေစာမှတ်တမ်း ထားရှိရန်၊ ရောနှောဆီကို စားသုံးသူတောင်းဆိုချက်အရ ကျေနပ်မှ မှန်ကန်သောအချိုးအစားဖြင့် ရောနှော ပေးရန်၊ ကုန်အညွှန်းအမှတ်အသားတွင် ပါဝင်ရမည့် အချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက အသိပေးလျက် ရှိကြောင်း သိရသည်။

### ပြည့်ဝဆီများကို လျှော့စားသုံးသင့်

စားအုန်းဆီတွင် ပြည့်ဝဆီရာခိုင်နှုန်းများ ပါသောကြောင့် ပြည့်ဝဆီများကို လျှော့စားသုံးသင့် သည်။ ပြည့်ဝဆီကိုသာမက မပြည့်ဝဆီကိုလည်း လျှော့စားသုံးသင့်သည်။ မှန်ကန်မှုမရှိသော စားသုံးဆီများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှလုံး သွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန် ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေကြရသည်။ ပြည့်ဝဆီဆိုရာတွင် တိရစ္ဆာန်များမှ ထွက်သောအဆီများ ပါဝင်သည်ကို လည်း သတိချပ်စေလိုသည်။ အကြောင်းမှာ အချို့ တောရွာများတွင် အလှူအတန်းတစ်ခုခုပြီးသည့် အခါ ဥပမာ-ဝက်သားချက်ရာမှ ထွက်လာသော (ဝက်ဆီ)နှင့် အမဲဆီကဲ့သို့ တိရစ္ဆာန်တို့၏အဆီများ ကို သိုလှောင်ကာ ရောင်းချသည့်ဓလေ့များရှိနေ တတ်ခြင်းကြောင့် ဖြစ်သည်။

အကယ်၍ ဆီကို မီးခိုးငွေ့ထွက်သည်အထိ အပူချိန်မြင့်မားစွာထားမည်ဆိုလျှင် ဆီ၏ဓာတု ပြောင်းလဲမှုဆင့်ကဲဖြစ်စဉ်ကို တားဆီးလျှော့ချ ထားစေရုံသာမက မြေပဲဆီ၏ပင်ကိုသဘာဝ မွှေးပျံ့သောအရသာကို ယိုယွင်းသွားစေမည် ဖြစ်သည်။ စားသုံးဆီများတွင် Smoke Point ဟူ၍ ရှိသည်။Smoke Point ဆိုသည်မှာ ဆီ၏ မီးအပူချိန် ကို ခံနိုင်သောပမာဏထက် လွန်ကဲသွားလျှင် ဆီမှ အန္တရာယ်ရှိသော Free Radicals များ ထွက်လာ နိုင်သည်။ သို့ဖြစ်ပါ၍ မီးပြင်းပြင်းနှင့် ကြော်ရမည့် အချိန်တွင် Smoke Point မြင့်မားသော ဆီအမျိုး အစားကိုသာ သုံးသင့်သည်။ ဆီများတွင်လည်း Smoke Point တစ်ခုနှင့်တစ်ခု ကွာခြားလျက် ရှိသည်။ ဥပမာ- အုန်းသီးမှထုတ်လုပ်သော အုန်းဆီ ၏ Smoke Point မှာ ၁၁၇ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ပဲပုပ်မှထုတ်လုပ်သော ပဲပုပ်ဆီ၏ Smoke Point မှာ ၂၄၁ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ သို့ဖြစ်ပါ၍ ဆီများကို သုံးစွဲရာတွင် ဘူးခွံတွင်ပါဝင်သော Smoke Point များကိုကြည့်ကာ ရွေးချယ်ဝယ်ယူ သင့်သည်။ ထို့အတူ ဆီတွင်ပါဝင်သော အဆီဓာတ်၊ ကိုလက်စထရောပမာဏ၊ ဆိုဒီယမ်၊ ကယ်လိုရီ စသည်များကိုလည်း ကြည့်ရှုနှိုင်းယှဉ်ပြီး ဝယ်ယူ သင့်သည်။

ပဲဆီများကို ရေခဲသေတ္တာအတွင်းထားလျှင် မခဲစေရန်၊ မြေပဲဆီအရောင်နှင့်အနံ့ဖြစ်စေဖို့ ဓာတု နည်းဖြင့်ပြုပြင်ကာ ဈေးကွက်အတွင်းသို့ ရောင်းချ လျက်ရှိနေသည်ဟုသိရသည်။ သက်ရှည်ကျန်းမာ စွာနေထိုင်နိုင်ဖို့ အထက်ပါအချက်များအတိုင်း လိုက်နာကာ စားသုံးဆီများကို ရွေးချယ်ဝယ်ယူ ကြပြီး ဆီစားသုံးမှုဓလေ့ကို ပြုပြင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ခံစစ်ပိုင်းအားနည်းတဲ့ မန်ယူကို အိမ်ကွင်းမှာ လက်စတာအနိုင်ယူနိုင်မလား....

နိုင်ငံတကာပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးမှာ လိဂ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ယခုအပတ် ပရီမီယာလိဂ်ပွဲစဉ် (၈) မှာ ဝက်ဖို့ဒ်နဲ့ လီဗာပူး၊ လက်စတာနဲ့ မန်ယူ၊ ဘရန့်ဖို့ဒ်နဲ့ ချယ်ဆီးတို့ ဆုံတွေ့နေတဲ့ပွဲစဉ်တွေ ပါဝင်နေပါတယ်။ ဒါကြောင့် ပွဲစဉ် (၈) မှာ ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

16–10–2021 | Game week 8 | KO 20:30

**လက်စတာ၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဘရိုက်တန် | ၂ - ၁ | လက်စတာ |
| မီဝေါလ် | ၀ - ၂ | လက်စတာ |
| လက်စတာ | ၂ - ၂ | ဘန်လေ |
| ဝါးစ်ဇဝါ | ၁ - ၀ | လက်စတာ |
| ပဲလေ့စ် | ၂ - ၂ | လက်စတာ |

**မန်ယူ၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဝက်စ်ဟမ်း | ၁ - ၂ | မန်ယူ |
| မန်ယူ | ၀ - ၁ | ဝက်စ်ဟမ်း |
| မန်ယူ | ၀ - ၁ | ဗီလာ |
| မန်ယူ | ၂ - ၁ | ဗီလာရီးရဲ |
| မန်ယူ | ၁ - ၁ | အဲဗာတန် |



အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲပါ။ ဒီနှစ်သင်းရဲ့ အမှတ်ပေးဇယားရပ်တည်မှုကိုကြည့်ရင် မန်ယူအသင်းက လက်စတာအသင်းထက်မှာ ရပ်တည်နေတယ်ဆိုပေမယ့် နောက်ဆုံးငါးပွဲမှာ ငါးပွဲစလုံးပေးဂိုးခွင့်ပြုခဲ့ရတာကြောင့် ခံစစ်ပိုင်းအားနည်းသလို တိုက်စစ်ပိုင်းကလည်း အဲဒီငါးပွဲမှာ ငါးဂိုးသာ သွင်းယူထားနိုင်တာကြောင့် အားနည်းနေပါတယ်။ ပြိုင်ဘက်လက်စတာအသင်းက ဒီရာသီမှာ ပုံမှန်ခြေစွမ်း မရရှိသေးဘဲ ရလဒ်ဆိုးတွေနဲ့ မကြာခဏကြုံတွေ့နေရတာကြောင့် ယခုပွဲစဉ်အတွက် အားစိုက်ပြင်ဆင်လာမှာပါ။

## ခက်ခက်ခဲခဲကစားရတတ်

လက်စတာအသင်းအနေနဲ့ မန်ယူအသင်းကို ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးသုံးပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိတာ တွေ့ရတယ်။ ဒါပေမယ့် ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေကို မြင်တွေ့ရပြီး ခက်ခက်ခဲခဲကစားရတတ်တာကို သတိပြုရမယ်။ လက်စတာမှာ ဒဏ်ရာရကစားသမားအနေနဲ့ ဖိုဖာနာ၊ ဂျက်စတင်နဲ့ အင်ဒီဒီတို့ ရှိနေပြီး ဒီနေ့ပွဲစဉ်ကို ပါဝင်ကစားဖို့ မသေချာပါဘူး။ ပြိုင်ဘက် မန်ယူအသင်းမှာလည်း အားထားရတဲ့ ဗာရာနီ၊ အသင်းခေါင်းဆောင် မက်ဂွိုင်းယားတို့ ဒဏ်ရာကြောင့် ဒီနေ့ပွဲစဉ်ကို လွဲချော်ဖို့ ရှိနေပါတယ်။ ဒါပေမယ့် မန်ယူအသင်းမှာ ဒဏ်ရာကနေ သက်သာလာပြီဖြစ်တဲ့ တိုက်စစ်ကစားသမား ရက်ဖို့ဒ်ပါဝင်လာဖွယ်ရှိပါတယ်။

## အဝေးကွင်းစွမ်းဆောင်ရည်ကောင်းမွန်

မန်ယူအသင်းဟာ ယခုနှစ်ရာသီ အဝေးကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်သုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲသရေ ကျထားတာကြောင့် အဝေးကွင်းစွမ်းဆောင်ရည်ကောင်းမွန်တယ်လို့ ဆိုနိုင်ပါတယ်။ မည်သို့ပင်ဆိုစေ ပြီးခဲ့တဲ့ပွဲစဉ်မှာ နှစ်သင်းစလုံး နိုင်ပွဲကိုယ်စီပျောက်ဆုံးခဲ့တာကြောင့် ယနေ့ပွဲစဉ်မှာ ဒဏ်ရာရကစားသမားတွေကို ချန်လှပ်ကာ အဓိက ကစားသမားအစုံအလင်နဲ့ ရင်ဆိုင်လာမှာပါ။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ပရီမီယာလိဂ် ပွဲစဉ် (၈)**

| | |
|---|---|
| **၁၆-၁၀-၂၀၂၁** | **စနေနေ့** |
| ဝက်ဖို့ဒ် - လီဗာပူး | ည ၆:၀၀ |
| ဗီလာ - ဝုဖ် | ည ၈:၃၀ |
| လက်စတာ - မန်ယူ | ည ၈:၃၀ |
| မန်စီးတီး - ဘန်လေ | ည ၈:၃၀ |
| နော့ဝှစ်ချ် - ဘရိုက်တန် | ည ၈:၃၀ |
| ဆောက်သမ်တန် - လိဒ်စ် | ည ၈:၃၀ |
| ဘရန့်ဖို့ဒ် - ချယ်ဆီး | ည ၁၁:၀၀ |
| **၁၇-၁၀-၂၀၂၁** | **တနင်္ဂနွေနေ့** |
| အဲဗာတန် - ဝက်စ်ဟမ်း | ည ၇:၃၀ |
| ကာဆယ် - စပါး | ည ၁၀:၀၀ |
| **၁၈-၁၀-၂၀၂၁** | **တနင်္လာနေ့** |
| အာဆင်နယ် - ပဲလေ့စ် | နံနက် ၁:၃၀ |

**ဂိုးအများဆုံး သွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဆာလာ | လီဗာပူး | ၆ |
| ဗာဒီ | လက်စတာ | ၆ |
| အန်တိုနီယို | ဝက်စ်ဟမ်း | ၅ |

## ဝက်ဖို့ဒ် VS လီဗာပူး

Vicarage Road Stadium

နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့ ဝက်ဖို့ဒ်အသင်းနဲ့ နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲမရှိတဲ့ လီဗာပူးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ်။ တစ်နည်းအားဖြင့် ခံစစ်အားနည်းတဲ့ ဝက်ဖို့ဒ်နဲ့ တိုက်စစ်ထက်မြက်တဲ့ လီဗာပူးတို့ ဆုံတွေ့နေတာ ဖြစ်ပါတယ်။ ဝက်ဖို့ဒ်အသင်းအနေနဲ့ တန်းဆင်းဇုန်အတွင်းမှ ဘန်လေအသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိရေး ဦးတည်လာမှာပါ။ ပြိုင်ဘက် လီဗာပူးအသင်းကလည်း အမှတ်ပြည့်ရရှိရေးကို ဦးတည်လာမှာ ဖြစ်တာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ဘရန့်ဖို့ဒ် VS ချယ်ဆီး

Brentford Community Stadium

ဒီရာသီမှာ ခြေစွမ်းထက်မြက်နေတဲ့ ဘရန့်ဖို့ဒ်အသင်းနဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ ချယ်ဆီးအသင်းတို့ ပွဲစဉ်ကလည်း စိတ်ဝင်စားဖွယ်ကောင်းပါတယ်။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တာက ၂၀၁၇ ခုနှစ် အက်ဖ်အေဖလား ပြိုင်ပွဲမှာဖြစ်ပြီး ချယ်ဆီးက လေးဂိုးပြတ်အနိုင်ရရှိထားပါတယ်။ ချယ်ဆီးအသင်းဟာ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းမှာ ကျေနပ်အားရစရာရှိပေမယ့်လည်း ဘရန့်ဖို့ဒ်အသင်းရဲ့ မာကျောတဲ့ခံစစ်ကို ထိုးဖောက်ဖို့ ခက်ပါလိမ့်မယ်။ ဒါပေမယ့် အမှတ်ပေးဇယားဆက်လက်ဦးဆောင်နိုင်ရေးအတွက် ချယ်ဆီးအနေနဲ့ ဘရန့်ဖို့ဒ်ကို မဖြစ်မနေအနိုင်ရရှိအောင် ကြိုးစားလာမှာပါ။

## အေတီမက် VS လီဗာပူး

Estadio Wanda Metropolitano

## အေတီမက်အိမ်ကွင်းမှာ အနိုင်ရဖို့ မလွယ်တဲ့ လီဗာပူး

ချန်ပီယံလိဂ်အုပ်စု ပွဲစဉ် (၃)မှ အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်သည့် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၂၀ ရက် နံနက်တွင်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

အေတီမက်နှင့် လီဗာပူးအသင်းတို့သည် အုပ်စု (B) ၌ ပေါ်တို၊ မီလန်အသင်းတို့နှင့် ကျရောက်နေပြီး ပွဲစဉ် (၂) အပြီးတွင် လီဗာပူးက ခြောက်မှတ်ဖြင့် ဦးဆောင်ထားသည်။ အေတီမက်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် အေစီမီလန်နှင့် ဘာစီလိုနာအသင်းတို့နှင့်ပွဲစဉ်တွင် နှစ်ပွဲစလုံးအနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ လီဗာပူးအသင်းကလည်း ခံစစ်ပိုင်းကျစ်လျစ်ကာ တိုက်စစ်ပိုင်းထက် မြက်နေပြီး နောက်ဆုံး ၁၀ တွင် ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသည် အထိ ပုံစံကောင်းရရှိနေသည့်အသင်းဖြစ်သည်။

လီဗာပူးအသင်းအနေဖြင့် အုပ်စုကို ဆက်လက်ဦးဆောင်နိုင်ရေးအတွက် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန် ကြိုးစားလာမည်ဖြစ်သလို ပြိုင်ဘက် အေတီမက်အသင်းကလည်း ရမှတ်အပြည့်ရရှိရေးအတွက် အားစိုက်ကစားလာမည်ဖြစ်သည့်အတွက် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမည် ဖြစ်သည်။

## ဒဏ်ရာကြောင့် ရက်သတ္တ လေးပတ်မှ ခြောက်ပတ်အထိ တိုက်စစ်ကစားသမား တောရက်စ် အနားယူရဖွယ်ရှိ



မန်စီးတီးတိုက်စစ်ကစားသမား ဖာရန် တောရက်စ်သည် ဒဏ်ရာကြောင့် ရက်သတ္တ လေးပတ်မှ ခြောက်ပတ်အထိ အနားယူရဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် နေးရှင်းလိဂ် ဆီမီးဖိုင်နယ်တွင် စပိန်အသင်းက အီတလီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

မန်စီးတီးအသင်းသည် လာမည့် ရက်သတ္တခြောက်ပတ်အတွင်း ပရီမီယာလိဂ်တွင် မန်ယူ၊ ချန်ပီယံလိဂ်တွင် ပီအက်စ်ဂျီအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ထို့အပြင် စပိန်အသင်းသည် လာမည့်လတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဂရိ၊ ဆွီဒင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ သို့သော်လည်း အသက် ၂၁ နှစ်အရွယ်ရှိ စပိန်ကစားသမား တောရက်စ်သည် ဒဏ်ရာကြောင့် ကလပ်နှင့် နိုင်ငံအသင်းအတွက် အရေးကြီးသည့်အဆိုပါပွဲစဉ်များကို လွဲချော်ဖွယ်ရှိနေခြင်း ဖြစ်သည်။

တောရက်စ်သည် ယခုနှစ်ရာသီတွင် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် သုံးဂိုးသွင်းယူပေးထားပြီး ဖြစ်သည်။

## နောက်ဆုံးရသတင်းတိုများ

- ဆယ်ကျော်သက်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ပက်ဒရီသည် ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် သဘောတူလိုက်ပြီ ဖြစ်သည်။
- မန်စီးတီး တိုက်စစ်ကစားသမား စတားလင်းသည် အီတီဟက်၌ ပွဲကစားချိန်နည်းပါးပါက အသင်းပြောင်းရွှေ့လိုနေသည်။
- ဝက်စ်ဟမ်းနှင့် စပါးအသင်းတို့သည် စိန့်အက်တီယန်အသင်းမှ ဂိုးသမား ဂရင်း (၂၁နှစ်) ကို ခေါ်ယူလိုနေသည်။
- ချယ်ဆီးနည်းပြဟောင်း ဖရန့်လမ်းပတ်သည် နယူးကာဆယ်အသင်းမှ နည်းပြ စတိဗ်ဘရုစ်၏ နေရာကို အစားထိုးရန် ရေပန်းစားနေသည်။
- အာဆင်နယ်သည် ဇန်နဝါရီတွင် မာတင်နယ်လီကို အငှားထွက်ကစားခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

■ မိုးဇက် - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က)ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ)ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများလစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| (က) ရုပ်သံကျွမ်းကျင်(၂)၊ | (၄၀) နေရာ |
| (ခ) ရုပ်သံကျွမ်းကျင်(၂)၊(တိုင်းရင်းသား) | (၃၆) နေရာ |
| (ဂ) ရုပ်သံကျွမ်းကျင်(၂)၊ Myanmar International | (၁၀) နေရာ |
| (ဃ) အသံလွှင့်ကျွမ်းကျင်(၂) | (၃၀) နေရာ |
| (င) အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား) | (၂၈) နေရာ |
| (စ) အငယ်တန်းအင်ဂျင်နီယာ(၂) | (၄၀) နေရာ |
| (ဆ) အနုပညာရှင်(၂) | ( ၆ ) နေရာ |

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၃၀-၁၀-၂၀၂၁)ရက်နေ့တွင် အမှတ်စဉ်(က၊ ခ၊ ဃ၊ င၊ စ၊ ဆ) ရာထူးများအတွက် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် နှင့် အမှတ်စဉ်(ဂ)ရာထူးအတွက် အသက်(၂၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဃ) ရွေးချယ်ခြင်းခံရသူများသည် အမြဲတမ်းဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ ခေါ်ယူမည့်ရာထူးအတွက် သတ်မှတ်ချက်များ
(က) ရုပ်သံကျွမ်းကျင်(၂) ရာထူးအတွက်
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- မြန်မာစာ၊ မြန်မာစကားဆိုင်ရာဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ ဦးစားပေးမည်။
- ရုပ်ရည်ရူပကာပြေပြစ်/ ကြည့်ကောင်းရမည်။ အသံသြဇာပြည့်စုံကောင်းမွန် ပီသစွာပြောဆိုနိုင်ရမည်။

(ခ) ရုပ်သံကျွမ်းကျင်(၂)(တိုင်းရင်းသား) ရာထူးအတွက်
- ဘွဲ့ရရှိသူဦးစားပေးမည်။
- အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆိုရေးသားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။

(ဂ) ရုပ်သံကျွမ်းကျင်(၂)ရာထူး၊ Myanmar International အတွက်
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ M.A(English)၊ BA(English) နှင့် အလားတူဘွဲ့များ ဦးစားပေးစဉ်းစားမည်။
- အင်္ဂလိပ်စာ(4 Skills နှင့် ဘာသာပြန်) ကောင်းမွန်စွာ တတ်ကျွမ်းနားလည်ရမည်။
- ရုပ်ရည်ရူပကာပြေပြစ်/ ကြည့်ကောင်းရမည်။
- New Media အား ထိတွေ့သိရှိနားလည်သူ၊ Media and Information Literacy ဆိုင်ရာ ဗဟုသုတပြည့်စုံသူဖြစ်ရမည်။

(ဃ) အသံလွှင့်ကျွမ်းကျင်(၂)ရာထူးအတွက်
- ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- မြန်မာစာ၊ မြန်မာစကားဆိုင်ရာဗဟုသုတနှင့် သတင်းအကြောင်းအရာများကို စိတ်ပါဝင်စားသူများ၊ အင်္ဂလိပ်စာအရေး/အဖတ်/ အပြော ကျွမ်းကျင်ခြင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာ၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုနိုင်ခြင်းရှိသူများ ဦးစားပေးမည်။
- ရုပ်ရည်ရူပကာပြေပြစ်/ ကြည့်ကောင်းရမည်။ အသံသြဇာပြည့်စုံကောင်းမွန် ပီသစွာပြောဆိုနိုင်ရမည်။

(င) အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား)ရာထူးအတွက်
- ဘွဲ့ရရှိသူဦးစားပေးမည်။
- အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆိုရေးသားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။

(စ) အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးအတွက်
- ME, BE, B-Tech, A.G.T.I.(EP/ EC/ IT/ Mechanical/ Mechatronics), M.Sc, B.Sc(Phys;)ဖြစ်ရမည်။
- ကွန်ပျူတာအခြေခံ ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Audio/ Video/ Editing ဘာသာရပ်နှင့် Media သင်တန်းတက်ရောက်ပြီးသူများ ဦးစားပေးမည်။

(ဆ) အနုပညာရှင်(၂)ရာထူးအတွက်
- အနည်းဆုံးပညာအရည်အချင်းသတ်မှတ်ချက်မှာ အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- တူရိယာတစ်မျိုးမျိုးကို ကျွမ်းကျင်ပိုင်နိုင်စွာတီးမှုတ်နိုင်ရမည် (သို့မဟုတ်) အဆိုပညာတတ်ကျွမ်းရမည်။

၄။ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားရေးအတွက် အရည်အချင်းစစ်ဆေးရေးစာမေးပွဲများ ရေးဖြေ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ)နှင့် လူတွေ့ကို ရန်ကုန်/ တပ်ကုန်းတို့တွင် ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ (၂၀-၁၁-၂၀၂၁)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (စာတိုက်မှသော်လည်းကောင်း၊ တိုက်ရိုက်ပို့၍သော်လည်းကောင်း နောက်ကျမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)
(က) ကိုယ်ရေးရာဇဝင်အကျဉ်း(လက်ရှိနေထိုင်လျက်ရှိသည့် လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ ထည့်သွင်းရန်)
(ခ) ဘွဲ့လက်မှတ်မိတ္တူ/ ရာထူးများအလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ
(ဂ) ဒီပလိုမာအောင်လက်မှတ်များရှိပါကမိတ္တူ
(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်းရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း
(စ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဇ) ဝင်ကြေးငွေကျပ် ၂၀၀၀/-ပေးသွင်းသည့် ချလန်မူရင်း (သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order) ပြေစာမူရင်း

၅။ စာမေးပွဲဝင်ကြေးငွေကျပ် ၂၀၀၀/-ကိုမြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းမြို့ ငွေစာရင်းအမှတ်၊ အမ်ဒီ - ၀၁၀၃၉၀ သို့လည်းကောင်း၊ ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ် ငွေစာရင်းအမှတ်၊ အမ်ဒီ - ၀၁၀၆၆၉ သို့လည်းကောင်း၊ ကျန်ပြည်နယ်/ တိုင်းဒေသကြီးများအတွက် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ လိပ်မူ၍ သက်ဆိုင်ရာစာတိုက် (သို့) အမြန်ချောပို့များမှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order)ဖြင့်ပူးတွဲ၍လည်းကောင်း ပေးပို့ရပါမည်။

၆။ သတ်မှတ်ချက်ကိုက်ညီသည့် လျှောက်လွှာများအားစိစစ်၍ ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို သတင်းစာများမှ ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၈၀၇၉၁၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (၆)လဘတ်ဂျက် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (၆)လ ဘတ်ဂျက်ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည့်လုပ်ငန်းများစာရင်း-

| | | | |
|---|---|---|---|
| (က) | မြေသားရေကန် | - | (၃၂)ကန် |
| (ခ) | လက်တူးတွင်း | - | (၁၈) တွင်း |
| (ဂ) | စိမ့်စမ်း | - | (၄) ခု |
| (ဃ) | အခြားရေပေးရေးလုပ်ငန်း | - | (၈၉)ခု |
| (င) | ကျေးလက်ကုန်ထုတ်လမ်း | - | (၂)လမ်း |
| (စ) | ကျေးလက်အိမ်ရာ | - | (၃၇)လုံး |

၃။ Lot တစ်ခုချင်းစီ၏ တင်ဒါလျှောက်လွှာပုံစံများကို ၁၈-၁၀-၂၀၂၁ရက်မှ ၁၅-၁၁-၂၀၂၁ရက်အထိ ရုံးချိန်အတွင်းရောင်း ချပေးသွားမည်ဖြစ်ပြီး ၁၆-၁၁-၂၀၂၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့် ရက်အား ကြိုတင်အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာမှာ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ဆတ်ရိုးကျရပ်ကွက်၊ ရွှေမင်းဂံဆိပ်ကမ်းသွားလမ်း၊ စစ်တွေမြို့ဖြစ်ပါသည်။

၅။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ၁၈-၁၀-၂၀၂၁ရက်မှစ၍ ရခိုင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်း-၀၉-၄၂၁၇၁၀၃၂၂၊ ၀၉-၅၆၈၀၃၆၀တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အမည်မှန်

ဦးချစ်ကိုကို ၉/ မရမ(နိုင်)၀၄၈၉၈၅ ၏သား ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ မောင်ဖုန်းမြတ်ဟိန်း၏ အမည်မှန်မှာ မောင်ဘုဏ်းမြတ်ဟိဏ်း ၁၁/စတန(နိုင်)၁၄၉၁၅၂ ဖြစ်ပါကြောင်း။ **မောင်ဘုဏ်းမြတ်ဟိဏ်း**

## မွေးသက္ကရာဇ်အမှန်

ပေါက်တောမြို့၊ ရပ်ကွက် (၃)နေ ဦးမောင်အေး ၁၁/ပတန(နိုင်)၀၂၄၀၃၅ ၏သမီး မဆုရွှင်ပြုံး ၁၁/ပတန(နိုင်) ၁၁၁၄၅၆ အထက(မြို့မ)၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၁-၂၀၀၀ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်လုဘု ၁/မကန(နိုင်) ၀၀၀၄၃၃၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၇၅၀၄၁၂၇၃၄

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါက်တောမြို့နယ်၊ ဟင်းခရော် ကျေးရွာနေ မောင်သိန်းနိုင် ၁၁/ပတန (နိုင်)၁၃၃၆၀၈၏ဖခင် ဦးကျော်ညွန့်(ခ) ဦးမောင်ဦးကျော် ၁၁/ပတန(နိုင်) ၀၃၇၄၉၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/မင်းရဲကျော်စွာ၊ ဦးပိုင်အမှတ် (၃ဃ)၊ ဧရိယာ ၀ဒသမ၁၂ဧကအား ဦးအောင်လှမင်း (ဘ)ဦးသန်းမြင့် ၉/တကန(နိုင်)၁၆၇၇၂၂မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၇၅၁/၂၀၂၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံ ချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသစ္စာ ၁၂/ဒဂတ(နိုင်)၀၄၆၀၇၇သည် ဦးကျော်ညွန့် ၁၂/တမန(နိုင်)၀၉၀၈၉၄ နှင့် ဒေါ်ခင်ခင်မြ ၁၂/ဥကတ(နိုင်)၀၁၈၇၁၁ တရားဝင်လက်ရှိထားပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပု လဲကျွန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၄၁၈)၊ (အလျား ၄၀ပေ. ၆လက်မ xအနံ ၆၀ပေ . ၀လက်မ)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်စာချုပ်ရှိ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ခြေရင်းဘက်အခြမ်း၊ (အလျား ၂၁ပေ xအနံ ပေ၆၀)ဟု ခေါ်တွင်သော မြေကွက်နှင့်ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု စာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**တိုက်(၂၅၅)၊ အခန်း(၅)၊ ရန်အောင်လမ်းသွယ်(၇)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉- ၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေဧရိယာ ၀ဒသမ၁၄၆ဧက၊ မြေကွက်အမှတ် (ဥ-၆၄၄၆)၊ ဦးစောသိန်း (ဘ)ဦးထွန်းသာဖြူ ၁၁/ကတန(နိုင်)၀၄၁၂၉၆ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မိမိအောင် (ဘ) ဦးအောင်ညွန့် ၅/ရဘန(နိုင်)၀၀၈၆၀၂မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကယားပြည်နယ် လမ်းဦးစီးဌာန၏
## တင်ဒါဖွင့်ပွဲများ နေ့ရက်ပြောင်းလဲပြင်ဆင်ကြောင်း
## အသိပေးကြေညာချက်

ကယားပြည်နယ် လမ်းဦးစီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ် လုပ်ငန်းတင်ဒါကို (၄-၁၀-၂၀၂၁) ရက် သတင်းစာတွင် တင်ဒါလျှောက်လွှာ အရောင်းပိတ်ရက် (၂၁-၁၀-၂၀၂၁)ရက်နှင့် တင်ဒါဖွင့်ပွဲကို( ၂၉-၁၀-၂၀၂၁) ရက်တွင် ကျင်းပရန် ကြော်ငြာထားသော်လည်း တင်ဒါလျှောက်လွှာ အရောင်းပိတ်ရက်ကို (၄-၁၁-၂၀၂၁)ရက်နှင့် တင်ဒါဖွင့်ပွဲကို (၁၀-၁၁-၂၀၂၁)ရက်သို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ကြောင်းနှင့် ကယားပြည်နယ်လမ်းဦးစီးဌာန၏ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ် ပစ္စည်းတင်ဒါကို ၆-၁၀-၂၀၂၁ရက် သတင်းစာတွင် တင်ဒါလျှောက်လွှာ အရောင်းပိတ်ရက် ၂၅-၁၀-၂၀၂၁ရက်နှင့် တင်ဒါဖွင့်ပွဲကို ၂၇-၁၀-၂၀၂၁ ရက်တွင် ကျင်းပရန် ကြော်ငြာထားသော်လည်း တင်ဒါလျှောက်လွှာ အရောင်းပိတ်ရက်ကို ၂-၁၁-၂၀၂၁ရက်နှင့် တင်ဒါဖွင့်ပွဲကို (၄-၁၁-၂၀၂၁) ရက်သို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ - ၂၀၂၂ ခုနှစ်၊ မတ်လအတွက် တိုင်းဒေသကြီး အဆင့်(ငွေလုံးငွေရင်း) အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) (၂)ခန်းတွဲ RC (၁)ထပ်(ပေ၄၀ x ၂၅ပေ x ၁၁ပေ)ကော့သောင်းခရိုင် ရုံးဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း
(ခ) ရုံးသုံး စက်ကိရိယာ(၄)မျိုး
(ဂ) ရုံးသုံး ပရိဘောဂ(၃)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၂၂-၁၀-၂၀၂၁ရက် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၄-၁၁-၂၀၂၁ရက် ၁၆:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး၊ မျှော်အင်းလမ်း၊ ညောင်ရမ်းတောင်ရပ်ကွက်၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၃၉၅၄၊ ၀၅၉-၂၀၂၃၅၉၄၊ ၀၉-၄၂၈၇၆၁၉၇၃ တို့သို့ ဆက်သွယ်ရယူနိုင်ပါသည်။

**မှတ်ချက်** ။ ။ တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရမည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/8046 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ဃ/၁၆၆၉၇၊ Stream - 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံဝင်း ၁၄/ပသန(နိုင်)၀၁၈၇၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6A/4687, Mitsubishi Canter FE 301 B ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၁၄/ပသန(နိုင်)၃၀၇၃၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/3618 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် (၂၁၄)၊ ဧရိယာ ၀ဒသမ၀၆၂ဧကရှိ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၂၁၄ဟုခေါ်တွင်သော နှစ် ၆၀ ဂရန်မြေကွက်၊ မြေအမည်ပေါက် ဦးဖုန်းမြင့် အမည်ဖြင့် တည်ရှိသောအိမ်အပါအဝင် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါမြေကွက်နှင့် အိမ်အားမြေအမည်ပေါက် ဦးဖုန်းမြင့်ထံမှတစ်ဆင့် ဝယ်ယူထားသည့် ဒေါ်ဝင်းမြင့်မော် ၁၂/လကန(နိုင်)၀၀၅၀၈၁က ရောင်းချရန် ကမ်းလှမ်းသည့်အတိုင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါမြေကွက်အား ဝယ်ယူခြင်းကိုဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခိုင်ဌေး (LL.B, DBL, DIL)** | **ဒေါ်ခိုင်ဦးသူ (LL.B, DBL, DIL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၉၅၄)** |

**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၅၈၈၁**

# မွေးနေ့ရက်မြတ်မင်္ဂလာဆုတောင်း

အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော ဒေါ်မာလာဝင်း Chairwoman of UMG Group of Companies ၏ မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် ချစ်သောမိသားစု နှင့် အတူတကွ သက်ရှည်ကျန်းမာ ပျော်ရွှင် အောင်မြင်စွာဖြင့် UMG Group of Companies ၏ ကောင်းကျိုးနှင့် အမျိုးဘာသာ၊သာသနာ အကျိုးတို့ကို ဆထက် ထမ်းပိုးတိုး၍ ဆောင်ရွက်ပေးနိုင်ပါစေကြောင်း UMG Board of Directors နှင့် ဝန်ထမ်းမိသားစုများမှ လှိုက်လှဲစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

UMG

UMG Board of Directors နှင့်ဝန်ထမ်းမိသားစုများ
UMG Group of Companies


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/7585 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/4299, FORIAND, Truck(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၂/ပဇတ(နိုင်)၀၂၇၉၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊
ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/3201, Hyundai Porter II, Pickup ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ထွန်း ၁၂/မရက(နိုင်)၁၂၈၅၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊
ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၈ ၊ မြေကွက်အမှတ်- ၉၅၅၊ ဧရိယာ- ၀. ၀၅၅ ဧက (၄၀ ပေ × ၆၀ ပေ၊ ၂၄၀၀ စတုရန်းပေ) ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၈) ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်- ၉၅၅ ဟုခေါ်တွင်သည့် (၂) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ တစ်ဦးတည်းတရားဝင်အမည်ပေါက်လက်ရှိပိုင်ဆိုင်သူ ဒေါ်နန်းခမ်းလုံ (၁၂/ကတတ (နိုင်) ၀၀၂၉၄၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးစိုင်းဇေယျာခိုင် (၁၂/ဗဟန (နိုင်) ၀၀၂၄၀၈) နှင့် ဒေါ်ပပမြိုင် (၁၂/လမန (နိုင်) ၀၃၆၉၉၃) တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဦးစိုင်းဇေယျာခိုင် နှင့် ဒေါ်ပပမြိုင် တို့၏ ညွှန်ကြားချက်အရ

**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်-၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅၊ ၀၉-၄၄၃၁၂၀၃၀၁။

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ ရေနံနှင့် ရေနံဓာတုဗေဒ ပစ္စည်းများသယ်ယူပို့ဆောင်ရေးဌာနမှ ရေယာဉ် (၂၂)စီးနှင့် ဆီတွဲ ၁၅ တွဲတို့အား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ရေယာဉ် | ဆီတွဲ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | နေ့ရက် | အချိန် | နေ့ရက် | အချိန် | |
| ၁။ | (၅)စီး | (၁)တွဲ | ၁၅-၁၁-၂၀၂၁ | ၁၂:၀၀ | ၁၅-၁၁-၂၀၂၁ | ၁၄:၀၀ | ရန်ကုန်အခြေစိုက်စခန်း |
| ၂။ | (၂) စီး | (၁)တွဲ | ၂၅-၁၁-၂၀၂၁ | ၁၂:၀၀ | ၂၅-၁၁-၂၀၂၁ | ၁၄:၀၀ | ချောက်အခြေစိုက်စခန်း |
| ၃။ | (၄)စီး | (၃)တွဲ | ၆-၁၂-၂၀၂၁ | ၁၂:၀၀ | ၆-၁၂-၂၀၂၁ | ၁၄:၀၀ | (၁)မန်းသံပရာကန် |
| ၄။ | (၄)စီး | (၃)တွဲ | ၁၇-၁၂-၂၀၂၁ | ၁၂:၀၀ | ၁၇-၁၂-၂၀၂၁ | ၁၄:၀၀ | (၂)မန်းသံပရာကန် |
| ၅။ | (၄)စီး | (၃)တွဲ | ၂၈-၁၂-၂၀၂၁ | ၁၂:၀၀ | ၂၈-၁၂-၂၀၂၁ | ၁၄:၀၀ | (၃)မန်းသံပရာကန် |
| ၆။ | (၂)စီး | (၂)တွဲ | ၆-၁-၂၀၂၂ | ၁၂:၀၀ | ၆-၁-၂၀၂၂ | ၁၄:၀၀ | (၄)မန်းသံပရာကန် |
| ၇။ | (၁)စီး | (၂)တွဲ | ၁၇-၁-၂၀၂၂ | ၁၂:၀၀ | ၁၇-၁-၂၀၂၂ | ၁၄:၀၀ | (၅)မန်းသံပရာကန် |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ရက်(၃၀)ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် ဘဏ္ဍာရေးဌာန၊ ရုံးအမှတ် ၄၄ နေပြည်တော်နှင့် အမှတ်(၇/ခ)သံလျက်စွန်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အထွေထွေစီမံခန့်ခွဲရေးဌာန၊ ဖုန်း-၀၉-၂၅၄၂၂၉၉၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၇၁)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)(၀.၀၅၅–ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးတင့်ဝေ (H/ RGN –၀၃၄၁၅၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဆန်းဝင်း (၁၂/ဥကတ(နိုင်)၀၄၇၅၆၃) ကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂ )

**Hein Htet San Law Firm** ဖုန်း – ၀၉၄၂၈၀၂၀၃၆၉ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆
အမှတ် (၄၃)၊ ဟံသာဝတီ(၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၄၂ )၊ ပီမိုးနင်း(၂)လမ်း၊ မြေကွက်အမှတ်(၅၆၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)(၀.၀၅၅–ဧက)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးဖေတင် (AB– ၀၃၇၃၃၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန္ဒာတင်ယု (၁၂/အလန(နိုင်)၀၄၀၅၃၈) ကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂ )

**Hein Htet San Law Firm** ဖုန်း – ၀၉၄၂၈၀၂၀၃၆၉ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆
အမှတ် (၄၃)၊ ဟံသာဝတီ(၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/7458, Toyota Vitz NSP 130 HB (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြတ်သိန်း ၆/ထဝန(နိုင်)၀၆၉၇၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊
သန်လျင်မြို့

## သွေးသည် အသက်

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ မတ်လ)ထိ (၆လ)
## လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်
## တင်ဒါအမှတ်-(၁/၂၀၂၁-၂၀၂၂)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ မတ်လအထိ) (၆လ) ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၅-၁၁-၂၀၂၁ရက်

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၂-၁၁-၂၀၂၁ရက်၊ ညနေ(၃:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၁၁-၂၀၂၁ရက်၊ နံနက် ၀၉:၀၀နာရီ

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ကျောက်ဖြူခရိုင်လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၄၃-၄၆၀၃၃၊ ၀၉-၄၂၁၇၃၁၂၄၈တို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လမ်းဦးစီးဌာန
## မြင်းခြံခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် ကတ္တရာပီပါခွံများအား လေလံတင်ရောင်းချခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ (၆)လအတွက် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ ကတ္တရာပုံးခွံများကိုလည်း လေလံစနစ်ဖြင့် ရောင်းချလိုပါသည်။

၂။ (က) **တင်ဒါ/လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၂၇-၁၀-၂၀၂၁ရက်၊ နံနက် ၀၉:၃၀နာရီ

(ခ) **တင်ဒါ/လေလံလျှောက်လွှာ အရောင်းပိတ်မည့် ရက်/အချိန်** - ၁၂-၁၀-၂၀၂၁ရက်၊ ညနေ ၃:၀၀နာရီ

(ဂ) **တင်ဒါ/လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မြင်းခြံခရိုင်

(ဃ) **တင်ဒါ/လေလံဖွင့်ပွဲ ကျင်းပမည့်ရက်/ အချိန်** - ၁၆-၁၁-၂၀၂၁ရက်၊ နံနက်(၁၀:၀၀)နာရီ

(င) **တင်ဒါ/လေလံဖွင့်ပွဲ ကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မြင်းခြံခရိုင်

၃။ တင်ဒါ/လေလံလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို မြင်းခြံခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ဖုန်း-၀၆၆-၂၀၂၂၄၃ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ မြင်းခြံခရိုင်**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၁
### ကွယ်လွန်သူ ဦးကိုကိုသန်း၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

အမှတ် (၃၇)၊ ကံ့ကော်မြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကိုကိုသန်း၏ ကျန်ရစ်သော ပစ္စည်းပေါ်၌ အမွေဆက်ခံခြင်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်အေးမူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်(၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကိုကိုသန်း၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ရက် (၁၃၈၃ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေဆက်ခံခြင်း လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်အေးမူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/8304, Toyota Corolla Fielder, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင်အောင် ၁၂/ဥကတ(နိုင်)၀၄၆၆၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4560, Mitsubishi Fuso, Troetor Head (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးတင်လှ ၉/မမန (နိုင်) ၀၁၇၂၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၂၁-၂၀၂၂ Mini Budget)

၁။ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်အထိ (၆လ) အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

(က) စက်ပစ္စည်းများ
Radio Isotope Co 60 for Urea Reactor

(ခ) လုပ်ငန်းဆောင်ရွက်ခြင်း
Cooling Tower Cell များ လဲလှယ်ပြုပြင်ခြင်းလုပ်ငန်း
Cooling Water Underground ပိုက်လိုင်းများ လဲလှယ်ပြုပြင်ခြင်း လုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၁၀-၂၀၂၁ ရက်မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)ဘဏ္ဍာရေးဌာန (နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန website (www.moee.gov.mm)တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများအား ၁၅-၁၁-၂၀၂၁ ရက် မွန်းတည့် ၁၂:၀၀ နာရီတွင် နောက်ဆုံးထား၍ စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော် (သို့မဟုတ်)အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်တင်သွင်းရန်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၀၈

## လမ်းဦးစီးဌာန
## ကျောက်ဆည်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် ကတ္တရာပီပါခွံများအား လေလံတင်ရောင်းချခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်မှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လထိ (၆) လအတွက် တိုင်းဒေသကြီး ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/လုပ်ငန်းများအတွက် လိုအပ်သည့် ကျောက်ရှယ်စုံ၊ မြစ်သဲ၊ ဂျင်းမြေ၊ မြေကြီး၊ ဒီဇယ်ဆီ၊ ဘိလပ်မြေ၊ သံချောင်း၊ တောသစ်နှင့် Ready Mixed Concrete များကို မြို့နယ်အလိုက်၊ လမ်းအလိုက်၊ လုပ်ငန်းအလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ ကတ္တရာပုံးခွံများကိုလည်း လေလံစနစ်ဖြင့် ရောင်းချလိုပါသည်။

၂။ (က) **တင်ဒါ/လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၇-၁၀-၂၀၂၁ရက်၊ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါ/လေလံလျှောက်လွှာ အရောင်းပိတ်ရက်/အချိန်** - ၁၂-၁၁-၂၀၂၁ရက်၊ ညနေ(၃:၀၀)နာရီ

(ဂ) **တင်ဒါ/လေလံဖွင့်မည့် ရက်/အချိန်** - ၁၅-၁၁-၂၀၂၁ရက်၊ နံနက်(၀၉:၃၀)နာရီ

(ဃ) **တင်ဒါ/လေလံဖွင့်မည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျောက်ဆည်မြို့

